# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday, 17 June 2022 ၁၀၇၆၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်ကြရမည်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) နှင့်အတူ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်းနှင့် ဗဟိုကော်မတီဝင် ခွန်ဖွဲထိုရ်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုနိုင်ငံတော်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရှိစေရေးအတွက် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ **ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့်** အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)ခွန်ထွန်းတင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


**ယနေ့** ဖတ်စရာ

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပြဋ္ဌာန်း — စာမျက်နှာ » ၁၆

၁၃၈၄ (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက် — စာမျက်နှာ » ၈

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည် — စာမျက်နှာ » ၉

ဇွန်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင် — စာမျက်နှာ » ၁၅

ကြေးမုံ

# ထာဝရငြိမ်းချမ်းရေးတွင် အားလုံးပူးပေါင်းပါဝင်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စိန်ရတုကာလသို့ ရောက်မည်ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည်မှာ ၇၅ နှစ်ကြာပြီဖြစ်သော်လည်း လွတ်လပ်ရေး၏ အသီးအပွင့်၊ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ ပြည့်ပြည့်ဝဝ မခံစားကြရသေးပေ။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်အောင် ဖြစ်ပွားလျက်ရှိသဖြင့် မငြိမ်းချမ်းခြင်း၏ ဆိုးမွေများကို တိုင်းရင်းသားပြည်သူများ ခံစားနေကြရသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိရန်ဦးတည်၍ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ဥက္ကဋ္ဌ/ ခေါင်းဆောင်ဦးစီး အဖွဲ့ဝင် နှစ်ဦးတို့နှင့် ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တို့က ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကိုဆောင်ရွက်လိုသည့် စိတ်ဆန္ဒများဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ပြီး တစ်ဖွဲ့ချင်းစီအလိုက် ငြိမ်းချမ်းရေးကိုယ်စားလှယ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနေပြီဖြစ်သည်။

ဆွေးနွေးပွဲများတွင် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံများ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့် ဒေသတစ်ခုချင်းမှ အစပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး စုပေါင်းနေထိုင်လျက်ရှိသည့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရိုးသားပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့်၊ ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုရလဒ်များကို လက်တွေ့ဖော်ဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ တွေ့ဆုံဆွေးနွေးရန်ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဦးတည်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် ငြိမ်းချမ်းရေးတွင် အားလုံးပါဝင်နိုင်ရန် အစဉ်အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA တွင် လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကိုကြည့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးနိုင်ရန် ဇွန်လ ၁၄ ရက်နေ့၌ ထပ်မံဖိတ်ခေါ်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကောင်းမွန်တိုးတက်မှသာ တိုင်းရင်းသားပြည်သူများ၏ဘဝ မြင့်မားတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအကျိုးကို ဖော်ဆောင်နိုင်ရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပြီး တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝရရှိနိုင်ရန် ငြိမ်းချမ်းရေးသည် အရေးအကြီးဆုံးကိစ္စဖြစ်သည်။ ယခုပြုလုပ်နေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ် ဖြစ်နိုင်ဖွယ်ရှိသည်များကို ပွင့်ပွင့်လင်းလင်း အသေးစိတ် အကျေအလည်ဆွေးနွေးအဖြေရှာလျက်ရှိသည်။

ငြိမ်းချမ်းရေးတွင် အားလုံးပါဝင်မှသာ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူအားလုံး လွတ်လပ်ရေး၏ အသီးအပွင့်များ၊ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အကျိုးရလဒ်များကို တန်းတူညီမျှခံစားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ငြိမ်းချမ်းသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုသားအားလုံး၏ အကျိုးကိုရှေ့ရှု၍ ငြိမ်းချမ်းရေးတွင် အားလုံးပူးပေါင်းပါဝင်နိုင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော မြန်မာအားကစားသမားများအား အထူးကိစ္စရပ်အနေဖြင့် လူစီးမော်တော်ယာဉ် ဝယ်ယူခွင့်ပြုခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးအောင်မြင်ခဲ့ကြသော မြန်မာအားကစားသမားများအား နိုင်ငံတော်မှ အားပေးဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် လူစီးမော်တော်ယာဉ် ဝယ်ယူခွင့်ကို အထူးကိစ္စရပ်အနေဖြင့် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ရွှေတံဆိပ်ဆုရ အားကစားသမားများအား ပြည်တွင်းရှိ မော်တော်ယာဉ် Showroom နှင့် Sale Center များမှ စက်စွမ်းအား ၂၀၀၀ စီစီနှင့်အောက်၊ CIF တန်ဖိုး(ဆိပ်ကမ်းရောက်တန်ဖိုး) ကျပ်သိန်း ၃၀၀ နှင့်အောက် လူစီးမော်တော်ယာဉ်တစ်စီးစီ ဝယ်ယူခွင့်ပြုမည်ဖြစ်ပြီး ၎င်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအား ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်-

(က) ညွှန်ကြားရေးမှူး(ယာဉ်မှတ်ပုံတင်) - ဖုန်း ၀၆၇-၃၄၀၅၁၄၂

( ခ) ဒုတိယညွှန်ကြားရေးမှူး(ယာဉ်မှတ်ပုံတင်) - ဖုန်း ၀၆၇-၃၄၀၅၀၃၈

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အာဆီယံဒစ်ဂျစ်တယ်နည်းပညာ စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်

နေပြည်တော် ဇွန် ၁၆

အာဆီယံဖောင်ဒေးရှင်းနှင့် ဂျာမနီနိုင်ငံတို့မှ Software ကုမ္ပဏီ SAP (Systems Applications and Products in Data Processing ) တို့ပူးပေါင်းပြီး "အာဆီယံဒစ်ဂျစ်တယ် နည်းပညာ စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်" ( ASEAN Digital Em-powerment – DE ) အား စတုတ္ထစက်မှုတော်လှန်ရေးကာလအတွင်း လူငယ်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် ၎င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရန်ရည်ရွယ်၍ အွန်လိုင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်သို့ အသက် ၁၈ နှစ်မှ နှစ် ၃၀ ကြား အာဆီယံနိုင်ငံသားများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ တက္ကသိုလ်များတွင် လက်ရှိပညာသင်ကြားနေသည့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ ( ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အလုပ်အကိုင်ရှာဖွေနေသူများ၊ လက်ရှိအလုပ်လုပ်ကိုင်နေပြီး ပိုမိုကောင်းမွန်၍ ရေရှည်တည်တံ့သည့် အလုပ်အကိုင်ကို ရှာဖွေနေသူများ၊ အွန်လိုင်းမှတစ်ဆင့်ခြောက်လ သင်တန်းကို ပြီးမြောက်အောင် တက်ရောက်နိုင်သူများနှင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာပြောဆိုရေးသားနိုင်သူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့်ပါဝင်လိုသော လူငယ်များသည် ၂၀-၆-၂၀၂၂ ရက် နောက်ဆုံးထားကာ bit.ly/ASEANDEformမှတစ်ဆင့် အမည်စာရင်းပေးသွင်းနိုင်ပြီး အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို အီးမေးလ်လိပ်စာ ilan.asqolani @aseanfoundation.orgသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည့်အပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၃၉၅၀၊၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၇၀၀ | ၇,၇၀၀ | ၄၈ | ၃၆၉,၆၀၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၉၇၁ | ၂,၆၀၃,၄၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၈ | ၆၂,၄၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၁၀၀ | ၁,၇၅၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၂၇.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၅.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၇၁၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၂၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၉.၈ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၁.၆ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၂.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)ခွန်ထွန်းတင်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အဖွဲ့ဝင်များက ယခုကဲ့သို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည့် အခြေအနေ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)အနေဖြင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အစဉ်လက်ခံထားသည့် အခြေအနေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)က ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြား**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၅/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လာမည့် နှစ်နှစ် သုံးနှစ်အတွင်း တိုးတက်ကောင်းမွန်လာမည်ဆိုပါက လာမည့် ငါးနှစ်တာကာလခန့်အတွင်း မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာမည်

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၅/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

## ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်နေမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် “ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ဧပြီလ ၂၂ ရက်နေ့က ကျွန်တော်ထာဝရငြိမ်းချမ်းရေးကို အထောက်အကူရနိုင်ဖို့အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုပြုလုပ်ခဲ့ပါတယ်။ အဲဒီတော့ အဲဒီကြားထဲမှာပဲ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ထဲမှာရော၊ လက်မှတ်ထိုးပြီးသား အဖွဲ့ထဲမှာရော အစည်းအဝေးကို အကြောင်းအမျိုးမျိုးကြောင့် မတက်ဘူးလို့ သဘောထားထုတ်ပြန်ထားတဲ့အဖွဲ့ရှိတယ်။ ဘာမှမပြောဘဲ ငြိမ်နေတဲ့အဖွဲ့လည်းရှိတယ်။ အဲဒီအဖွဲ့တွေထဲမှာလည်း တချို့ကလည်း လာချင်ကြတယ်။ တကယ်ဆွေးနွေးတဲ့အခါကျတော့ သူတို့ထင်သလို၊ ထင်ထားသလို မဟုတ်ဘူး။ မဟုတ်တဲ့အခါကျတော့ ဒါဆိုရင်တော့ သူတို့သွားပြီးတော့ ဆွေးနွေးလိုက်ရင် အကျိုးရှိမယ်ဆိုတဲ့ အမြင်မျိုးပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ရှိပါတယ်။ အချို့ကလည်း ရှေ့ကဆွေးနွေးသွားတဲ့အဖွဲ့တွေကို အရိပ်အခြည်ကြည့်ပြီးတော့မှ ဘာမှမပြောဘဲနဲ့ ငြိမ်နေတဲ့ အဖွဲ့တွေပေါ့။ သူတို့ကလည်း ရှင်းရှင်းပြောရရင်တော့ လာချင်တဲ့သဘောတော့ရှိတယ်။ တစ်ဖွဲ့ဆိုရင် ကျွန်တော့်ကို ကြားထဲမှာ ဆက်သွယ်ပါတယ်။ ကျွန်တော်တို့လည်း ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ပြီးတော့ တစ်နေ့ကပဲ ကြေညာချက်တစ်စောင်ထပ်ပြီး ထုတ်ပေးလိုက်ပါတယ်။ လာနိုင်အောင်လို့ပါ။ တကယ်တော့ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်ဆိုတာ တိုင်းပြည်က ကျွန်တော်တို့သွားနေတဲ့ နိုင်ငံရေးရည်မှန်းချက် နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးရေးပါ။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး။ ဒါ နိုင်ငံရေး ရည်မှန်းချက်နှစ်ခု။ မျှော်မှန်းချက်နှစ်ခုပါ။

> **ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်ဆိုတာ တိုင်းပြည်က ကျွန်တော်တို့သွားနေတဲ့ နိုင်ငံရေးရည်မှန်းချက် နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးရေးပါ။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စု တည်ဆောက်ရေး။ ဒါ နိုင်ငံရေး ရည်မှန်းချက်နှစ်ခု။ မျှော်မှန်းချက်နှစ်ခုပါ။ ဒီအပေါ်မှာ ကျွန်တော်တို့ တပ်မတော်က ခိုင်ခိုင်မာမာရပ်တည်ထားတဲ့အတွက်ကြောင့် ဒီအပေါ်မှာ အခြေခံပြီးတော့ မည်သည့်သဘောထားကွဲလွဲတဲ့ အဖွဲ့အစည်းမဆို ဆွေးနွေးလို့ရပါတယ်**

ဒီအပေါ်မှာ ကျွန်တော်တို့ တပ်မတော်က ခိုင်ခိုင်မာမာရပ်တည်ထားတဲ့အတွက်ကြောင့် ဒီအပေါ်မှာ အခြေခံပြီးတော့ မည်သည့်သဘောထားကွဲလွဲတဲ့ အဖွဲ့အစည်းမဆို ဆွေးနွေးလို့ရပါတယ်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ခိုက်နေတဲ့အဖွဲ့တွေကိုတော့ ဒီသဘောထားကြောင့် ကျွန်တော်တို့က ဒါတွေလည်း ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါတယ်။

“နောက်တစ်ခါ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုပေါ့လေ။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အုပ်ချုပ်ရေးနှစ်ခု ပေါင်းစပ်ထားတဲ့ ပြည်ထောင်စုကို ကျွန်တော်တို့သွားကြမယ်။ ဒီမိုကရေစီမှာလည်း တူညီတဲ့ဒီမိုကရေစီ အခွင့်အရေးပေးရမှာ။ ဥပဒေအရပဲ ကျွန်တော်တို့ပေးကြရတာ။ ဆိုလိုတာကတော့ တူညီတဲ့ဒီမိုကရေစီ အခွင့်အရေးပေးထားတယ်။ ဒီလိုပဲ ဖက်ဒရယ်လို့ ပြောလို့ရှိရင်လည်း အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်နဲ့ ပတ်သက်တာကို မျှဝေခံစားပြီးတော့ ခွင့်ပြုပေးတာပါ။ ခရိုင်အဆင့်ဆိုရင် ဘယ်လိုလုပ်မယ်။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ဆို ဘယ်လိုလုပ်မယ်။ ဒါမှမဟုတ်လို့ ရှိရင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆို ဘာလုပ်မလဲ။ ပြည်ထောင်စုဆို ဘာလုပ်မလဲ။ ကြွင်းကျန်အာဏာရပ်တွေဆို ပြည်ထောင်စုက ဘယ်လိုကျင့်သုံးမလဲ စသည်ဖြင့် ဒါတွေကို ကျွန်တော်တို့က ခွဲဝေသတ်မှတ်ပေးတာ။ ဒါကို မျှအောင်လုပ်ပေးရတာပါ။ ဒါ ဖက်ဒရယ်စနစ်ပါပဲ။ အကြမ်းဖျင်းပြောရလို့ရှိရင်။ ဒါပေမယ့် ဖက်ဒရယ်စနစ်ဆိုသော်လည်းပဲ ကမ္ဘာမှာရှိတဲ့ ဖက်ဒရယ်နိုင်ငံတွေ တစ်နိုင်ငံနဲ့တစ်နိုင်ငံနဲ့ မတူကြပါဘူး။ ဒါကြောင့် ကျွန်တော်တို့က မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကိုပဲ ကျွန်တော်တို့သွားမယ်။ အားလုံးကတော့ တူညီတဲ့အခွင့်အရေးရရမယ်၊ ကျွန်တော်ဒီလိုခံယူပြီးတော့ ပြောခဲ့ရခြင်းဖြစ်ပါတယ်။” ဟု ပြောကြားသည်။

## အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ထိန်းသိမ်းဆောင်ရွက်ခဲ့မှု

အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် မတ် ၃ ရက်မှ စတင်ဖြစ်ပေါ်ခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်ပေါင်း ၁၁၀၀ ကျော်ရှိခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများကို အရေးယူဆောင်ရွက်ခဲ့မှုအနေဖြင့် ဇွန် ၁၅ ရက်အထိ ဖြစ်စဉ်ပေါင်း ၇၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ ပစ္စတို ၃၀၁ လက်၊ မောင်းပြန်လက်နက်မျိုးစုံ ၇၀၇၊ တူမီးသေနတ် ၆၇၂ လက်၊ လက်လုပ်သေနတ် ၁၈၇၀ လက်၊ လက်လုပ်စိန်ပြောင်းမျိုးစုံ ၆၅၃ လက် စုစုပေါင်း လက်နက်မျိုးစုံ ၄၂၀၃ လက်ရရှိခဲ့ကြောင်း၊ အဆိုပါလက်နက်များမှ မောင်းပြန် လက်နက်အများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ထံမှဖြစ်သည်ကို တွေ့ရှိရပြီး အချို့လက်နက်များမှာ ပြည်ပနိုင်ငံများမှ တင်သွင်းထားခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်မှုများကို နှိမ်နင်းဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးမှုများလည်းရှိခဲ့သဖြင့် ထိုက်သင့်သည့် ခံစားခွင့်များရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားဥပဒေစိုးမိုးရေးအရ အကြမ်းဖက်သမားများနှင့် ဆက်စပ်လျက်ရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ မိမိတာဝန်ယူချိန်နောက်ပိုင်းတွင် ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ပေးခဲ့ကြောင်း၊ သို့သော် အချို့သူများသည် အကြမ်းဖက်မှုနှင့် ဖောက်ခွဲဖျက်ဆီးမှုများတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်း၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အချို့သော အကြမ်းဖက်လုပ်ရပ်များကို လွန်လွန်ကြူးကြူး ဆောင်ရွက်ခဲ့သူများအား ထိရောက်သောပြစ်ဒဏ်များချမှတ်ခဲ့ပြီး ဆက်လက်၍လည်း ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

စီးပွားရေးနှင့်ပတ်သက်၍ မိမိတာဝန်ယူချိန်ကာလအတွင်း ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်ရေးလိုငွေများရှိခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် မိမိတို့နိုင်ငံ၏ သဘောသဘာဝအရ အစိုးရမှပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများ၊ လုပ်ငန်းများရှိသကဲ့သို့ ပုဂ္ဂလိကမှ ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများလည်းရှိကြောင်း၊ အဆိုပါကာလများအတွင်း အစိုးရအနေဖြင့် ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်သော်လည်း ပုဂ္ဂလိကအနေဖြင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါငွေကြေးများမှာ

**စာမျက်နှာ ၅ သို့** ✻

✻ စာမျက်နှာ ၄ မှ

အစိုးရမှရရှိသည့်ငွေကြေးများနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ရရှိသည့်ငွေကြေးများ ဖြစ်သဖြင့် သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ အချို့သော မလိုအပ်သည့် ပစ္စည်းများ တင်သွင်းမှုကို ထိန်းသိမ်းကြပ်မတ်ခဲ့ပြီး လိုအပ်သည့် ကုန်ပစ္စည်းများကိုသာ တင်သွင်းစေခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ် မေလအထိ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ သန်း ၁၁၄၀ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပြန်လည်ပေးဆပ်ရန်အတွက် ချေးငွေများ ရှိနေသေးကြောင်း၊ နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပို့ကုန်များ မြှင့်တင်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး တိုးတက်လာစေရန် အားပေးကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ကုန်ကြမ်းများ တင်ပို့ခြင်းထက် ကုန်ချောတင်ပို့ခြင်းများကိုသာ ဆောင်ရွက်လျက်ရှိကြောင်း။

## ဘဏ်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်ဆောင်ရွက်နေမှု

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆူပူမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဘဏ်လုပ်ငန်းများ တုံ့ဆိုင်းသွားခဲ့ကြောင်း၊ စိုးရိမ်ပူပန်မှုများကြောင့် အပ်ငွေများ ပြန်လည်ထုတ်ယူခြင်း၊ စီးပွားရေးအရ တိုက်ခိုက်ရန်အတွက် ဘဏ်များရှိ ပိုက်ဆံများကိုထုတ်ယူခြင်းနှင့် ငွေကြေးထုတ်ယူခြင်းများကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်မှုမပြုခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ယခု ဇန်နဝါရီလမှစ၍ ဘဏ်လုပ်ငန်းများ ပုံမှန်အခြေအနေနီးပါး ပြန်လည် လည်ပတ်နိုင်ပြီဟုဆိုနိုင်သော်လည်း အချို့သောဘဏ်များ ပြန်လည်ဖွင့်လှစ်ရန်အတွက် ဝန်ထမ်းအခက်အခဲများကြောင့် ဖွင့်လှစ်နိုင်မှုအားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ဘဏ်လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိမှု

မိမိတို့အနေဖြင့် မဖြစ်မနေဆောင်ရွက်ရသည်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးပင်ဖြစ်ကြောင်း၊ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ပြန်လည်ပိတ်ထားခဲ့ရမှုများလည်းရှိကြောင်း၊ ယခုနှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံသူများ တိုးတက်လာခဲ့ပြီး ယခုအချိန်အထိ ၆ ဒသမ ၇ သန်းခန့် ကျောင်းအပ်နှံပြီး ၆ ဒသမ ၃ သန်းခန့် ကျောင်းတက်ရောက်လျက်ရှိသဖြင့် ၉၄ ဒသမ ၁ ရာခိုင်နှုန်း တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း၊ အချို့သောမိဘများမှာ ပညာရေးအားပေးမှုအားနည်းသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုအနေဖြင့် ကျောင်းနေသူများအနက် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားသူမှာ ၆၀ ရာခိုင်နှုန်းခန့်သာရှိပြီး အလယ်တန်းပညာပြီးဆုံးသူမှာ ၅၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကို သက်ဆိုင်ရာဘွဲ့များအလိုက် ခံစားခွင့်များ ပေးလျက်ရှိသကဲ့သို့ ကျောင်းအုပ်ချုပ်ရေးတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်များအားလုံးကို လစာ၏ ၁၀ ရာခိုင်နှုန်းကို လစဉ် ခံစားခွင့်ပေးထားကြောင်း၊ အလားတူ အခြားတက္ကသိုလ်ကျောင်းများကိုလည်း ခံစားခွင့်များပေးထားကြောင်း၊ ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ယခင်နှစ်ထက် အရေအတွက် ပိုမိုများပြားစွာပညာသင်ကြားလျက်ရှိသဖြင့် နိုင်ငံအတွက် ကောင်းမွန်သည့်လက္ခဏာ တစ်ခုပင်ဖြစ်ကြောင်း။

## ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ဆေးများ ထိုးနှံပေးမှု

ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ ယခုလအတွင်း ရောဂါတွေ့ရှိမှုမှာ ပျမ်းမျှအားဖြင့် သုည ဒသမ ၁၄ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရကြောင်း၊ စတင်ဖြစ်ပွားချိန်မှ ယခုလ ၁၅ ရက်အထိ ကိုဗစ်–၁၉ ရောဂါတွေ့ရှိမှုမှာ ၆၁၃၄၆၄ ဦး၊ သေဆုံးသူ ၁၉၄၃၄ ဦးဖြစ်ပြီး ယခုလအတွင်း ကိုဗစ်ရောဂါကြောင့် သေဆုံးမှုမရှိကြောင်း၊ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ ပိုးတွေ့မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် သုည ဒသမ ၀၇ ရာခိုင်နှုန်းသာရှိကြောင်း၊ ကမ္ဘာပေါ်တွင် အချို့နိုင်ငံများ၌ ယနေ့အချိန်အထိ ဖြစ်ပွားလျက်ရှိပြီး လက်ရှိအချိန်အထိ ၅၉၂ သန်းခန့်နှင့် သေဆုံးမှုအနေဖြင့် ၆ သန်း ၃ သိန်း ကျော်ရှိပြီဖြစ်ကြောင်း၊

- ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး တိုးတက်လာစေရန် အားပေးကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ ကုန်ကြမ်းများတင်ပို့ခြင်းထက် ကုန်ချောတင်ပို့ခြင်းများကိုသာ ဆောင်ရွက်လျက်ရှိ
- ကျောက်မီးသွေးအသုံးပြု၍ ဓာတ်မြေဩဇာထုတ်လုပ်ပြီး ယင်းမှစွန့်ပစ်အပူဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိ၊ မိမိတို့နိုင်ငံတွင် သဘာဝဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် ကူးစက်မှုနှုန်းများစွာ နည်းပါးပြီး ထိုသို့ နည်းပါးရခြင်းမှာ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ အားကျိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် အချို့သော ကိုဗစ်–၁၉ ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရန် လိုအပ်နေသေးသည့်အတွက် အချို့စည်းကမ်းများကို ဆက်လက်ထားရှိခဲ့ကြောင်း၊ ကူးစက်မှုများ ထပ်မံကျဆင်းသွားပါက စည်းကမ်းချက်များကို ထပ်မံလျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးနှင့်ပတ်သက်၍ ဝယ်ယူမှုနှင့် လှူဒါန်းမှုများမှ ကာကွယ်ဆေး စုစုပေါင်း ၇၈ ဒသမ ၂ သန်းရှိပြီး ထိုးနှံပြီးစီးမှုအနေဖြင့် ၆၄ သန်း ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများထပ်မံထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ထိုးနှံရန်ကျန်ရှိသည့် ဒေသများတွင် ထပ်မံထိုးနှံနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း တွန်းအားပေး ဆောင်ရွက်ကြစေလိုကြောင်း။

## အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှု

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ထိုက်တန်စွာဖြင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ အဆိုပါဆုရရှိခဲ့သူများထဲမှ ရွှေတံဆိပ်ရရှိသူများအား မော်တော်ယာဉ်များ အထူးကိစ္စဖြင့်ဝယ်ယူခွင့်ကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်ရရှိပါက မိမိတို့နိုင်ငံ၏အလံကို အခြားနိုင်ငံအလံများ၏အပေါ်မှ လွှင့်တင်နိုင်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်မည်ဖြစ်သဖြင့် ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်ခဲ့သူများကို ယခုကဲ့သို့အထူးအခွင့်အလမ်းများ ပေးခြင်းဖြစ်ကြောင်း၊ နောင်လာမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုများရရှိနိုင်ရေး၊ အားကစားသမားများအနေဖြင့် အစွမ်းကုန်လေ့ကျင့် အားထုတ် ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုးစားအားထုတ်နိုင်စေရေးအတွက် မိမိတို့အနေဖြင့် အားကစားကဏ္ဍကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကိုလည်း နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲများမှ ထွက်ရှိလာသည့် စံချိန်ကောင်းမွန်သည့် အားကစားသမားများကို ရွေးချယ်၍ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် အားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု

မိမိတို့နိုင်ငံတွင် အများဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် အဓိကကျကြောင်း၊ အခြားလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံငွေ၊ လျှပ်စစ်ဓာတ်အားနှင့် လူသားအရင်းအမြစ်များ အပါအဝင် အခြားအရင်းအမြစ်များလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ဧကပေါင်း ၃၃ သန်းခန့်ရှိပြီး သီးထပ်စိုက်ဧက ၁၁ ဒသမ ၇ သန်း၊ သီးညှပ်စိုက်ဧက ၃၄ သန်းကျော် ရှိသဖြင့် စုစုပေါင်း စိုက်ဧက ၄၈ သန်းကျော်ရှိကြောင်း၊ စိုက်ဧကများအားလုံးတွင် သီးထပ်စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာမည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ဆောင်ရွက်၍ ၎င်းတို့၏လုပ်အားများကို အသုံးချနိုင်ရန်လိုကြောင်း၊ ရှိပြီးမြေများပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မြေများ လုံလောက်စွာရှိကြောင်း၊ ရှိပြီးစိုက်ဧကများ တိုးချဲ့ခြင်းထက် အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်ပါက နိုင်ငံအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည်တို့သည် အဓိကကျကြောင်း၊ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ဆက်လက်သုတေသနပြုလုပ်ရန်အတွက် မိမိအနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နွားအကောင်ရေ ၁၀ သန်းကျော်ခန့်ရှိပြီး အခြား ကျွဲ၊ ဝက်၊ ကြက်များလည်း အရေအတွက်များစွာရှိကြောင်း၊ အဆိုပါ မွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဇီဝမြေဩဇာများရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Skill Labor များနှင့် ပညာရှင်များလည်းလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သင်တန်းကျောင်းများနှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းများ အသုံးပြုခြင်းထက် ခေတ်မီနည်းစနစ်များ ပြောင်းလဲအသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လာမည့် နှစ်နှစ်သုံးနှစ်အတွင်း တိုးတက်ကောင်းမွန်လာမည်ဆိုပါက လာမည့် ငါးနှစ်တာကာလခန့်အတွင်း မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးအသုံးပြု၍ ဓာတ်မြေဩဇာထုတ်လုပ်ပြီး ယင်းမှစွန့်ပစ်အပူဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုနှင့်ပတ်သက်၍ သဘာဝရေချိုကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်း အညာဒေသများတွင် မိုးနည်းပြီး ရေရှားပါးမှုများဖြစ်ပေါ်သည့် ဒေသများရှိသကဲ့သို့ မိုးများသည့် အရပ်ဒေသများဖြစ်သည့် ရခိုင်၊ တနင်္သာရီတို့တွင် ရေချိုရှားပါးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေချိုရှားပါးမှုလျှော့ချနိုင်ရေး မိုးရေလှောင်ကန်များ ပြုလုပ်၍ ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ သဘာဝရေအရင်းအမြစ်များကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာနှင့်စောဒန်နီယယ်တို့က သာသနာ့နွယ်ဝင်ရဟန်းသံဃာများ၊ ကိုရင်နှင့် သီလရှင်များအကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့်ပြစ်ဒဏ်ပေးနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရေး၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင်ဆရာဝန်လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ကျန်းမာရေးမှူးများ ဖြည့်တင်းခန့်ထားပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းထားသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ပါတီနိုင်ငံရေးကင်းရှင်းစေရေး၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသွားမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံတကာအားကစားအဖွဲ့များနှင့် လိုအပ်သည့် ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ စာမျက်နှာ ၆ သို့ ✻

✻ စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံရှိ အားကစားအဖွဲ့ချုပ်များ ပြန်လည်စိစစ်ဖွဲ့စည်းဆောင်ရွက်ရေး၊ စာသင်ကျောင်းများတွင် လူငယ်အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေး၊ တရားဝင်ဖွဲ့စည်းထူထောင်ထားသော နိုင်ငံရေးပါတီများ ရပ်တည်နိုင်ရေးအတွက် လိုအပ်နေသည့် အခက်အခဲများကို သက်ဆိုင်ရာက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ကန်တော်ကြီး ရေသွယ်ယူရရှိရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ မင်းတပ်ဒေသမှ ပင်စင်စားများ အငြိမ်းစားလစာ ထုတ်ယူနိုင်ရေးအတွက် ကာလသတ်မှတ်ချက်များကို ဖြေလျှော့ပေးရေး၊ ကျောင်းသားများ လုံခြုံအေးချမ်းစွာ စာသင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာခဲ့ရသည့် အခြေခံအလုပ်သမားများ နိုင်ငံကူး Passport ပြုလုပ်ရာတွင် မြန်မြန်ဆန်ဆန်ရရှိစေရေး၊ ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့နွယ်ဝင်များအား အကြမ်းဖက်သတ်ဖြတ်သူများကို ထိရောက်သည့်ပြစ်ဒဏ်များချမှတ်နိုင်ရန် အထူးတရားရုံးများဖွဲ့စည်း၍ အမြင့်ဆုံးပြစ်ဒဏ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ရွေးကောက်ပွဲဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေများတွင် သင့်လျော်သလိုပြင်ဆင်ပြီးမှသာ အဆိုပါဥပဒေသတ်မှတ်ချက်များအတိုင်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းနှင့်ပတ်သက်၍ မြို့ပြနှင့် ကျေးလက်ဆရာဝန်လိုအပ်ချက်များအတွက် လက်ထောက်ကျန်းမာရေးမှူးများ ဖြည့်တင်းနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ပြည့်မီရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းရေးအတွက်လည်း သက်ဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် လူငယ်အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး ကျောင်းဖွင့်ရာသီနောက်ပိုင်းတွင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရေနှင့်ပတ်သက်၍ ရေရှားပါးသည့်ဒေသများတွင် မိုးရေစုဆောင်း၍ အသုံးပြုသည့် နည်းလမ်း၊ မြေအောက်ရေထိန်းသိမ်းသိုလှောင် အသုံးပြုသည့် နည်းလမ်းများ ကြံဆဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်တွေမြို့ ကန်တော်ကြီး ရေရရှိရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများ Passport ရရှိရန် ကြန့်ကြာနေရခြင်းသည် ယခုကာလတွင် ပြည်ပထွက်ခွာမှုများပြားနေသည့်အတွက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများ တတ်နိုင်သမျှ ပြည်တွင်းတွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖော်ဆောင်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် ပါဝင်သင့် ပါဝင်ထိုက်သူများကို ဖိတ်ခေါ်ဆွေးနွေးသွားရန်လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံ၏လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ခရိုင်အဆင့်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးနေကြောင်း၊ အဆိုပါကျောင်းများမှ ထူးချွန်စွာအောင်မြင်သူများကို စိုက်ပျိုး၊ မွေးမြူရေးနှင့် နည်းပညာသိပ္ပံကျောင်း၊ ယင်းမှတစ်ဆင့် ကောလိပ်နှင့် တက္ကသိုလ်တို့သို့ ဝင်ခွင့်စာမေးပွဲဖြေဆို၍ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ရေလုံလောက်စွာရရှိရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်ရှိသည့် ဒေသများတွင် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့အလိုက်၊ ရပ်ကွက်အလိုက်၊ နေအိမ်အလိုက်လည်း မိုးရေခံရေကန်၊ ရေစုကန်၊ ရေလှောင်ကန်များ တည်ဆောက်သုံးစွဲရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စုဆောင်းထားသည့် ရေများကိုလည်း အလေအလွင့်မဖြစ်စေရန် ချွေတာသုံးစွဲကြရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်ပြီး စိန်ခေါ်မှုများစွာရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပညာရေးသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း KG +9 အဆင့် တတ်မြောက်ရန်လိုကြောင်း၊ ပညာသင်ယူမှု အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးရန်လိုကြောင်း၊ ယင်းမှ အသက်မွေးဝမ်းကျောင်းပညာရေးစနစ်သို့ ဆက်လက်ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်၌ ရောက်ရှိနေသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **“ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ”** စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



**ကြိုဆို**

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် စစ်တွေမြို့သို့ ရောက်ရှိရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **“ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ ရခိုင်ပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းပါစေ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်ရမည်၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ၊ ထာဝရငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်”** စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍ စစ်တွေလေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၃)ကြိမ်မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

(၁၃) ကြိမ်မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ ဇွန် ၁၃ ရက်မှ စတင်ပြီး Virtual စနစ်ဖြင့် ကျင်းပရာ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အလှည့်ကျဥက္ကဋ္ဌအဖြစ် တက်ရောက်ဆောင်ရွက်သည်။

အစည်းအဝေးများတွင် အာဆီယံဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ASEAN Strategic Action Plan for SME Development (2021–2025) အရ ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ၊ နှစ်အလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အလိုက်ဆောင်ရွက်ပြီးစီးမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဒေသတွင်း နိုင်ငံများအလိုက် ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၏ အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

**လေးရက်ကြာကျင်းပခဲ့**

ယင်းအစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဆောင်ရွက်နေသည့် ကိုယ်စားလှယ်များ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါအစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပလျက်ရှိပြီး ဒေသတွင်း အာဆီယံနိုင်ငံများမှ အိမ်ရှင်နှင့် ဥက္ကဋ္ဌတာဝန်များကို အလှည့်ကျ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအစည်းအဝေးကို မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်က ခန့်အပ်လွှာ လာရောက်ပေးအပ်

နေပြည်တော် ဇွန် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund- UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Marcoluigi Corsi က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၁ နာရီတွင် လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် "ASEAN Tourism Awards" ဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁၆

နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးနှင့် "ASEAN Tourism Awards" ဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ နေပြည်တော်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအနေဖြင့် နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်ရှိပြီးသော ခရီးစဉ်နေရာဒေသများအပြင် အပန်းဖြေ အနားယူနိုင်သော ခရီးစဉ်နေရာအသစ်များကို ဖော်ထုတ်နိုင်ရေး၊ သဘာဝကိုအခြေခံသော၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသောခရီးသွားလုပ်ငန်းများ၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိသော မသန်စွမ်းသူများအတွက် အဟန့်အတားမဲ့ ခရီးသွားလာနိုင်ရေး Barrier Free Tourism ကို နေပြည်တော်ရှိ ခရီးစဉ်နေရာများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။




ထို့နောက် နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဖေယျာလင်းနှင့် အတွင်းရေးမှူး ဒေါက်တာသန်းဇော်တို့က ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ "ASEAN Tourism Awards" ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အာဆီယံ MICE Venue စံနှုန်းဆု (ASEAN MICE Venue Standard, Category: Exhibition Venue)၊ အာဆီယံ MICE Venue စံနှုန်းဆု (ASEAN MICE Venue Standard, Category: Meeting Room (2022-2024)၊ အာဆီယံသန့်ရှင်းသောမြို့တော်များ ခရီးသွားလုပ်ငန်းစံနှုန်းဆု (ASEAN Clean Tourist City Standard Award) ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဖေယျာလင်းက အာဆီယံအစိမ်းရောင်ဟိုတယ်များစံနှုန်းဆု( ASEAN Green Hotel Standard Award)၊ အာဆီယံ MICE Venue စံနှုန်းဆု (ASEAN MICE Venue Standard, Category: Meeting Room)ကိုလည်းကောင်း ပေးအပ်ခဲ့ရာ သက်ဆိုင်ရာဆုရရှိသူများက လက်ခံရယူခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဟင်္သာတခရိုင် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်မှူးက မကျီးကုန်းကျေးရွာအုပ်စု အိမ်ခြေ ၁၀၇ အိမ်(လူဦးရေ ၃၅၄)ဦး ရှိသော ရွှေတောင်စုကျေးရွာအား ခေတ်မီစံပြကျေးရွာ (SMART Village) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဒေသခံပြည်သူများက ကျေးရွာ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကျေးရွာ၏လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရွှေလဝန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း လီမိတက်အတွက် ထောက်ပံ့ငွေများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတွက် ထောက်ပံ့ငွေများအား ကျေးရွာလူထုကိုယ်စား ကျေးရွာခေါင်းဆောင်ထံ ပေးအပ်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင်စုကျေးရွာ၏ သစ်ပင်စိုက်ပျိုးပွဲတော်၌ သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် လှော်ကထားကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက ကျောင်းဆုပေးပွဲအခမ်းအနား ကျင်းပရေးအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် စာအုပ်စာစောင်များ၊ ရေကြည်မြို့နယ် သိတာကုန်းပြင် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပုသိမ်မြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဇွန် ၁၆ ရက်တွင် ဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားသင်တန်းသူများနှင့် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ၁၃၈၄ (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော် ဇွန် ၁၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄ (၂၀၂၂) ခုနှစ်အတွက် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၅၃၈၈ ဦးအနက် ၁၃၇၁ ဦး အောင်မြင်၍ ၂၅ ဒသမ ၄၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၆၀၇၆ ဦးအနက် ၂၇၂၆ ဦး အောင်မြင်၍ ၄၄ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၀၈၈၀ ဦးအနက် ၂၀၅၁ ဦး အောင်မြင်၍ ၁၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၆၃၈၉ ဦးအနက် ၉၄၆၅ ဦး အောင်မြင်၍ ၅၇ ဒသမ ၇၅ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၄ (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမ ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြသည်။

### ပထမကြီးတန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၂၇ | ဦးအဂ္ဂိုရာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ |
| ၂။ | ဒုတိယ | စက-၁၇ | ဦးနန္ဒိယာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ |
| ၃။ | တတိယ | စိန်-၁ | အရှင်ခေမာစာရာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့ |
| ၄။ | သီလရှင် ပထမ | စက-၂၈၆ | မပသန္နဉာဏီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့ |

### ပထမလတ်တန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက-၁ | ရှင်ဓမ္မရတာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ |
| ၂။ | ဒုတိယ | မုံ-၂၁ | ဦးသြသဓာလင်္ကာရ | သာသနာရောင်ခြည်ကျောင်းတိုက် မုံရွာမြို့ |
| ၃။ | တတိယ | စက-၁၀ | ဦးဓမ္မရသာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့ |
| ၄။ | သီလရှင် ပထမ | မော်-၂၅၆ | မမေဓာဝီသုဘဒ္ဒါလင်္ကာရ | သာသနာ့မဏ္ဍိုင် (သီ) စာသင်တိုက် မော်လမြိုင်မြို့ |

### ပထမငယ်တန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | ဟ-၂၅ | ရှင်ဝါသေဋ္ဌ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက် ဟသ်ာတမြို့ |
| ၂။ | ဒုတိယ | မင်္ဂလာ-၂၁၀ | အရှင်ဃောသိတ | မြရွှေပင်သဒ္ဓမ္မသုခရိပ်သာကျောင်း မင်္ဂလာဒုံ၊ ပုလဲမြို့သစ် |
| ၃။ | တတိယ | စက-၇၂ | ရှင်ပညာဇောတ | မဟာသုဗောဓာရုံကျောင်း စစ်ကိုင်းမြို့ |
| ၄။ | သီလရှင် ပထမ | စက-၃၄၃ | မနန္ဒာသိရီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့ |

### အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူးအဆင့် | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | နတ်-၅ | ရှင်ဓမ္မာနန္ဒ | ဒီပင်္ကရာကျောင်းတိုက်နတ်မောက်မြို့ |
| ၂။ | ဒုတိယ | ပခ-၂၅၄ | ရှင်ပညိဿရ | ပဏ္ဍိတာရာမကျောင်း ပဲခူးမြို့ |
| ၃။ | တတိယ | စိန်-၁ | အရှင်ပညာကိတ္တိ | ရွှာမပရိယတ္တိစာသင်တိုက်အင်းစိန်မြို့ |
| ၄။ | သီလရှင် ပထမ | တက-၄၃၈ | မဇယဝတီ | ပဒုမ္မာစာရီစာသင်တိုက် တောင်ကြီးမြို့ |

၁၃၈၄ (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၆**

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲများ အောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီးဦးဇော်ဝင်းက အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ပူးပေါင်း ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၁၈ ခုနှစ်က အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲတွင် နိုင်ငံ ၁၁ နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံက အားကစားနည်း ၁၇ မျိုးတွင် ရွှေ ၂၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၂၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၄) ရရှိခဲ့ကြောင်း၊ ယခု ၂၀၂၂ ခုနှစ် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ မြားပစ် စသည့် အားကစားနည်းလေးမျိုး ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်နေကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိမ်းဇံက အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသည် နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများသည် တက္ကသိုလ်ကျောင်းသားကျောင်းသူများဖြစ်ကြောင်း၊ ယခုနှစ်တွင် အားကစားနည်းလေးမျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ထိုက်တန်သည့် အောင်မြင်မှုရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပံ့ပိုးကူညီပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အားကစားနည်းအလိုက် ပါမောက္ခချုပ်များ ဦးဆောင်လိုက်ပါဆောင်ရွက်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွှန့်ဖေက ပြိုင်ပွဲဝင်မည့် အားကစားသမားများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဆုကြေးငွေ၊ ဆုတံဆိပ်များချီးမြှင့်နိုင်ရေးနှင့်အားကစားသမားများအောင်နိုင်ရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၈ ရက် အထိ ထိုင်းနိုင်ငံ အူဘွန်ရချာဌာနီမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ဦးဆောင်သောအဖွဲ့အား အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ဆန်နှင့် ဂျုံများ ဖြန့်ဝေပြီးစီးမှု၊ လူမှုရေးပညာအတွက် အိန္ဒိယနိုင်ငံမှ သင်ရိုးညွှန်းတမ်းဆိုင်ရာ နည်းပညာအကူအညီပေးရေး၊ ပညာတော်သင်အကူအညီပေးရေး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နေသည့် စီမံကိန်းများ တိုးတက်မှုနှင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အာဆီယံက မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။




မကြာသေးမီက အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီအဖြစ် ဆန်တန်ချိန် ၁၀၀၀၀ နှင့် ဂျုံတန်ချိန် ၂၀၀ လှူဒါန်းနိုင်ရေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ကြောင့် လူမှု-စီးပွားဘဝထိခိုက်ခံရသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အကူအညီလိုအပ်သော အိမ်ထောင်စုများထံ ဖြန့်ဝေမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၁၆**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇွန် ၁၇ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆဒုံး၊ ဖားကန့်၊ ကာမိုင်း၊ မိုးမောက်၊ မြို့သစ်၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ လေယာဉ်ကွင်း၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန် စာစစ်ဌာန၊ **ကယားပြည်နယ်မှ** လွိုင်ကော်၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ တံခွန်တိုင်နှင့် သင်္ကန်းညိုနောင်စာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဖလမ်း၊ တွန်းဇံ၊ ကျီခါး၊ တီးတိန်၊ မတူပီ၊ ပလက်ဝနှင့် ဆမီးစာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** မောင်တောနှင့် တောင်ပြိုလက်ဝဲ စာစစ်ဌာန၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျဉ်းနှင့် မက်မန်း စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့် ငါးအိုးစာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ** ပင်ခွန်၊ တင်းထက်၊ ဆောင်းပြောင်း၊ ထီရယ်၊ လွယ်ဘောင်း၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းရှူး၊ ဝမ်ကန်၊ မိုင်းပန်၊ တုန်ဟုန်းနှင့် မောက်မယ်စာစစ်ဌာန၊ **တနင်္သာရီတိုင်းဒေသကြီးမှ** မေတ္တာ၊ ကျွန်းစု၊ ကတ္တလူ၊ စခန်းသစ်၊ ကံမော်၊ သဇင်၊ ပုလော၊ ပလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင်စာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** ပေါက်၊ ရေပြာ၊ ပခုက္ကူ၊ ကမ္မ၊ ဝါဇီ၊ မြစ်ခြေ၊ စေတုတ္တရာ၊ ဘူး၊ တန့်လည်ကျင်း၊ ငဖဲ၊ ပဒါန်း၊ ရေစကြို၊ ပခန်းကြီး၊ ဆော၊ ဂန့်ဂေါ၊ ကျော၊နှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** မော်လိုက်၊ ကင်းတပ်၊ ပန်းသာ၊ ဖောင်းပြင်၊ မင်းယား၊ သရောင်း၊ ရေအောက်တောင်း၊ မိုင်းချောင်း၊ စန္ဒား၊ လေရှီး၊ ဆွမ္မရာ၊ ပန်ဆပ်၊ လဟယ်၊ နန်းယွန်း၊ ပန်ဆောင်၊ ကလေးဝ၊ မစိန်၊ ကြာပင်၊ ပန်းဆက်၊ တန့်ဆည်၊ ဒီပဲယင်း၊ ခင်ဦး၊ မြင်းမူ၊ ကသာ၊ ကောလင်း၊ ဝန်းသို၊ ဂျီတောင်၊ အင်းတော်၊ ရေတွင်းကုန်း၊ မဲဇာ၊ မော်လူး၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ဘုတလင်၊ အရာတော်၊ ပုလဲ၊ ကနီနှင့် ဆားလင်းကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ) (၅၉၁၅ ကီလိုဟက်ဇ်)မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာစစ်ဌာနများအတွက် လှိုင်းလတ် (၄၁၁ ဒသမ ၅၂ မီတာ) (၇၂၉ ကီလိုဟက်ဇ်) မှ လည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၆**

ရှမ်းပြည်နယ်၏ ဂုဏ်ဆောင်မည့် စာရင်းကိုင်ပညာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးမည့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ သမဝါယမသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက သင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က အမှာစကားပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ်ဒေါ်အေးကလျာက သင်တန်းကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။




ယင်းနောက် ထောက်ပံ့ငွေနှင့် စာရေးကိရိယာများပေးအပ်ခြင်းဆောင်ရွက်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ သင်တန်းကျောင်းအုပ်နှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုက အားကစားပစ္စည်းများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဝတ်စုံများ၊ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းဇော်ဦးက ထောက်ပံ့ချီးမြှင့်ငွေများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်မြတ်ခိုင်က ဖျာ၊ ခြင်ထောင်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ (တောင်ကြီး) သင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၂ ဦး တက်ရောက်ပြီး သင်တန်းကို နှစ်နှစ်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ၁၀၂ ဦးအတွက် ကျောင်းဝတ်စုံများ၊ ဖျာနှင့် ခြင်ထောင်များ၊ အားကစားပစ္စည်းများ၊ သင်ခန်းစာ စာအုပ်များနှင့် စာရေးကိရိယာများအပြင် သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သင်တန်းသား ၁၀၂ ဦးအတွက် ငွေကျပ် ၁၀၂၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၀၂ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် အခြေခံစာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက တာမွေမြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါသင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေအောင်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ ကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်သည် လွန်စွာ အရေးကြီးကြောင်း၊ စာအုပ်ကောင်းများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် စုစည်းဖြည့်တင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိသည့် စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ အခြေခံစာကြည့်တိုက် ပညာသင်တန်းမှရရှိသော စာကြည့်တိုက် ဝန်ဆောင်မှုကောင်းများကို မိမိတို့မြို့နယ်များရှိ စာကြည့်တိုက်များတွင် ဝန်ဆောင်မှုကောင်းများ ပြန်လည်ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်ဦးမောင်မောင်မြင့်အေးက သင်တန်းတွင် ဆုရွေးချယ်မှု အခြေအနေများနှင့်စပ်လျဉ်း၍အသေးစိတ်ရှင်းလင်းပြောကြားပြီး သင်တန်း၌ ထူးချွန်ဆုပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်နှင့် ကော်မတီဝင်များက ပေးအပ်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

* ကျောဖုံးမှ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**တက်ရောက်**

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေးအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်စေလိုသည့် ဆန္ဒ၊ မိဘပြည်သူအချို့၏ အစိုးရအပေါ် မေတ္တာရပ်ခံချက်၊ သား/သမီးချင်းကိုယ်ချင်းစာစိတ်နှင့် နိုင်ငံ့အကျိုးကို လိုလားသူများ၏ မျှော်လင့်ချက်များကြောင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လက်နက်အပ်နှံပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ ပြည်သူ့ဘဝကို ပြန်လည်ဝင်ရောက်စေနိုင်ရေး ဆောင်ရွက်ပေးခဲ့မှု၊ PDF အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့မှုနှင့် အဆိုပါဖြစ်စဉ်မျိုးသည် ၁၉၈၈ ခုနှစ် တပ်မတော်က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူစဉ်အခါကလည်း ဖြစ်ပေါ်ခဲ့ဖူးသည့် သမိုင်းကြောင်းများ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက ခင်းကျင်းပြသထားသည်များကို မှတ်တမ်းရယူစဉ်။

ဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနှင့် မြှင့်တင်ဆောင်ရွက်ခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် EAO များ တိုက်ရိုက်ဆွေးနွေးခြင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်၍ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းလာစေရေးနှင့် နှစ်ဖက်သဘောတူညီချက်များရရှိရေး စသည့်လုပ်ငန်းစဉ်အလိုက် ချမှတ်ဆောင်ရွက်လျက်ရှိသည်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းချက်အပေါ် ဆွေးနွေးခဲ့ပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ချင်းအလိုက် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ဆက်လက်ဆွေးနွေးသွားမည့် အစီအစဉ်များနှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုင်းပြည်အကျိုး၊ ဒေသအကျိုးအတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံ၍ ဖိတ်ခေါ်ကမ်းလှမ်းထားမှု။

**ရှင်းလင်းပြောကြား**

အချို့သောပညာရေးဝန်ထမ်းများသည် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM ပြုလုပ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုများရှိခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့ခြင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာသဖြင့် တာဝန်မှကင်းကွာခဲ့မှုများရှိကြရာ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် နောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ရာကျောင်း၊ မြို့နယ် ပညာရေးမှူးရုံးသို့ ၎င်းတို့၏သဘောဆန္ဒအလျောက် သတ်မှတ်ပုံစံဖြည့်၍ အယူခံလွှာ တင်သွင်းသတင်းပို့ကြရန် အသိပေးကြေညာထားမှု၊ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွင်း အကြမ်းဖက်သမားများက ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများကို အကြမ်းဖက်မှုကျူးလွန်ခဲ့မှုနှင့် ကျောင်းအဆောက်အအုံများအား ဖျက်ဆီးခဲ့မှုများကို ဗီဒီယိုဖိုင်များ၊ PowerPoint Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးမှုနှင့် နိုင်ငံရေးပါတီများစစ်ဆေးခြင်း အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို PowerPoint Presentation ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏သိရှိလိုသည့်မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

**ခင်းကျင်းပြသထား**

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ပတ်သက်၍ သတိပေးထုတ်ပြန်ရသည့် အချက်အလက်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တာဝန်မှကင်းကွာနေသည့်အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်သည့် အခြေအနေများ၊ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## သူနာပြု- သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း အပတ်စဉ်(၂) သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၆**

သူနာပြု- သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း အပတ်စဉ်(၂) သင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။

**တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက်ရှိ**

အခမ်းအနားတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်နှစ်(၃၀)နှစ်ရှည်စီမံကိန်းရေးဆွဲပြီး နယ်စပ်ဒေသ ကျေးလက်အပါအဝင် တစ်နိုင်ငံလုံးကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ဆရာဝန်၊ ဆရာမ၊သူနာပြု-သားဖွားများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးရာတွင် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ နှစ်စဉ် တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက်ရှိကြောင်း။

သူနာပြုသင်တန်းကျောင်း ၂၇ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၃ ကျောင်း၊ နီးနွှယ်သင်တန်းကျောင်း သုံးကျောင်း စုစုပေါင်း ၅၃ ကျောင်းမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ သူနာပြု ၇၂၅ ဦး၊ ဘက်စုံသားဖွား ၁၆၅ ဦးမွေးထုတ်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ သူနာပြု - သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများသာမက နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် အရည်အသွေး




ပြည့်ဝသော သူနာပြု-သားဖွားများ မွေးထုတ်ပေးရန် ရည်ရွယ်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလျက်ရှိကြောင်း။

မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူနာပြုစုခြင်းဆောင်ရွက်ခြင်းသာမက နိုင်ငံတော်၏အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြသည့် ဂုဏ်ယူထိုက်သည့် သူနာပြု-သားဖွား ဆရာ ဆရာမကောင်းများ ဖြစ်ကြစေကြောင်း ပြောကြားသည်။.

ဆက်လက်၍ တာဝန်ရှိသူများက သားဖွားသင်တန်းကျောင်း၊ သူနာပြု - သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်းအပတ်စဉ်(၂)မှ သင်တန်းသားသင်တန်းသူ ၅၆ ဦးတို့ကို ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့၌ လက်ကိုင်ရှည်လက်တွန်းထွန်စက်ဖြင့် ထယ်ရေးသရုပ်ပြ

**ညောင်လေးပင် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ တောင်သူများ လယ်ယာမြေတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထယ်ရေးသရုပ်ပြပွဲနှင့် သစ်စိမ်းမြေသြဇာအတွက် ပိုက်ဆံလျှော်(သို့) ပဲမျိုးရင်းဝင် စိုက်ပျိုးသုံးစွဲနည်းသရုပ်ပြပွဲကို ယနေ့နံနက်က ညောင်လေးပင်မြို့နယ် လေးအိမ်စုကျေးရွာရှိတောင်သူ ဦးအောင်ဖြိုးဝေ၏ လယ်အတွင်း ပြုလုပ်သည်။

သရုပ်ပြပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းယုန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးနေလင်း၊ ဦးဇော်မင်းယု၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းဆွေ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထယ်ရေးသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီး၍ သမန်းမွှေကိရိယာဖြင့် ထွန်ယက်ပြသခြင်း၊ ရိတ်သိမ်းစက်ဖြင့် ပိုက်ဆံလျှော်များကို ရိတ်သိမ်းပြီး မြေသြဇာထည့်ပေးခြင်းများကို လက်တွေ့ရှင်းလင်းပြသသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေသြဇာအတွက် ပိုက်ဆံလျှော်စိုက်ပျိုးနည်းနှင့် အကျိုးကျေးဇူးများ၊ စိုက်ပျိုးနည်းလေးမျိုးဖြစ်သော ပေါင်ပျိုးစနစ်၊ ပျိုးသက်နုကောက်ကွက်ကြဲစိုက်နည်းစနစ်၊ စက်စိုက်စနစ်၊ တိုက်ရိုက်အစေ့ချနည်းစနည်းများအကြောင်း ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသကြသည်။

ယနေ့သရုပ်ပြသရာတွင် လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီးကိုအသုံးပြုခြင်းကြောင့် ဆီစားသက်သာပြီး မိုးစပါး စိုက်ပျိုးရေးကို များစွာဖွံ့ဖြိုးတိုးတက်စေခြင်း၊ သစ်စိမ်းမြေသြဇာသုံးစွဲခြင်းကြောင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေခြင်း၊ မြေသြဇာအတွက် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် တောင်သူများအတွက် များစွာအကျိုးရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

## သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမ စာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းအမှတ်စဉ်(၁) (၂-နှစ် သင်တန်း)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၆၃ ဦးနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပညာရေးတစ်ပိုင်းတစ်စဖြစ်နေသည့် လူငယ်လူရွယ် များ၏ဘဝရှင်သန်ရေး၊ ရပ်တည်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် အတန်းပညာနှင့် အတူအသက်မွေးပညာရပ်သည် အဓိကလိုအပ် ကြောင်း၊ အခြေခံပညာအဋ္ဌမတန်းအောင်မြင်ထား ပြီးသူများကို စာရင်းရေးစာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေပြီး ထူးချွန်သူများ ရွေးချယ်ကာ သမဝါယမကောလိပ်များနှင့် သမဝါယမ နှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်တို့က သမဝါယမသင်တန်းကျောင်းများဆောင်ရွက်ထား ရှိမှုနှင့် သင်တန်းများဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က စာရေးကိရိယာများ၊ ဝတ်စုံများ၊ အားကစားပစ္စည်း များ၊ ထောက်ပံ့ချီးမြှင့်ငွေများ၊ ခေါက်ဖျာနှင့် ခြင်ထောင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းကျောင်းကို ယခင် က ပညာရေးဝန်ကြီးဌာန စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်တွင် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် မန္တလေးကူးသန်းရောင်း ဝယ်ရေးပညာသင်ကျောင်းအဖြစ်လည်းကောင်း၊ သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန လက်အောက် ၁၉၉၇ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း (မန္တလေး)အဖြစ်လည်းကောင်း ဖွင့်လှစ်သင်ကြားပေး ခဲ့ရာမှ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမ ဦးစီးဌာနလက်အောက်တွင် သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

ရောတီတိုင်းဒေသကြီး သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမ စာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာန ချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူ များ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်း ကျောင်း ကျောင်းအုပ်ဆရာမကြီးက သင်တန်း ကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအတွက် စာရေးကိရိယာများ၊ ထောက်ပံ့ငွေများနှင့် ဝတ်စုံများအား ထောက်ပံ့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်း သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရ သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မော်လမြိုင်အချုပ်ထောင်၊ ကျိုက်မရောဗဟိုအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၃ ရက်နှင့် ဇွန် ၁၄ တို့တွင် မော်လမြိုင်အချုပ်ထောင်ကို လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ကျိုက်မရောဗဟိုအကျဉ်းထောင်နှင့် ကျိုက် မရောမြို့မ ရဲစခန်းကိုလည်းကောင်း၊ ဇွန် ၁၆ ရက် တွင် မော်လမြိုင်မြို့မရဲစခန်းနှင့် မုပွန်နယ်မြေရဲစခန်း တို့ကို လည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေး သည်။

**ကြည့်ရှုစစ်ဆေး**

ဗဟိုအကျဉ်းထောင်နှင့် အချုပ်ထောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက် များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန် ချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ် သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍တွေ့ဆုံကာ အကျဉ်းသား/အချုပ်သား တစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက် သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့ သည့် အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအကျဉ်းထောင်နှင့် အချုပ်ထောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးရုံ/ဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့် စက်၊ သောက်ရေနှင့်သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကိုလည်းကောင်း၊ အကျဉ်းသား/ အချုပ်သားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် အချုပ်ထောင်နှင့် ဗဟိုအကျဉ်း ထောင်တို့ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန် စာသားများ ပါရှိသော မှတ်စုစာအုပ် ၅၀၀၊ ဗဟုသုတရ ဖွယ်ရာ စာအုပ်စာပေ ၅၀၀ နှင့် Oxygen Regulator ငါးလုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်း ထောင်တာဝန်ခံအရာရှိတို့မှ လက်ခံရယူသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေး တွေ့ရှိ ချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေး ယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရွှေပြည်သာမြို့နယ်၌ တတိယအကြိမ် စာပေညီလာခံအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ရွှေပြည်သာ ဇွန် ၁၆**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းရုံးခန်းမ၌ မြန်မာနိုင်ငံစာရေး ဆရာအသင်း၏ တတိယအကြိမ် စာပေညီလာခံ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းတင်ပြပွဲကို ယနေ့ နံနက်၉နာရီခွဲက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် တတိယအကြိမ် စာပေညီလာ ခံမှ အတွေ့အကြုံများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ရွှေပြည်သာမြို့နယ်မှ စာပေ ညီလာခံကိုယ်စားလှယ် (တွဲဖက်အတွင်းရေးမှူး မြို့နယ်စာရေးဆရာအသင်း) ဒေါ်မေသန္တာ(ဓမ္မဝီရ သန္တာ)က ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါအခမ်း အနားသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းရွှေပြည် သာမြို့နယ်မှ အလုပ်အမှုဆောင်ကော်မတီဝင်များ နှင့်စာရေးဆရာများ တက်ရောက်ကြကြောင်း သိရ သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၀၁,၆၀၇) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၆၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၄၇၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၅) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၅) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၅၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၀) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၂၄) ခု | - |
| စုစုပေါင်း | (၅,၂၇၃) ခု | (၃)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၇၅၉၁၈၀ | ၈၃၅၀၅၁၁၁ | ၁၀၃၇၆၆၄ |
| ၂။ | အိန္ဒိယ | ၄၃၂၅၉၆၀၇ | ၄၂၆၇၄၇၁၂ | ၅၂၄၈၀၃ |
| ၃။ | ဘရာဇီး | ၃၁၆၁၁၇၆၉ | ၃၀၃၁၀၇၇၂ | ၆၆၈၆၉၃ |
| ၄။ | ပြင်သစ် | ၂၉၉၇၅၇၇၂ | ၂၉၂၈၅၆၅၈ | ၁၄၈၉၄၇ |
| ၅။ | ဂျာမနီ | ၂၇၀၀၆၈၃၇ | ၂၆၀၉၁၉၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၄၄၇၉၁၁ | ၂၂၀၅၉၆၄၄ | ၁၇၉၄၁၁ |
| ၇။ | ရုရှား | ၁၈၃၈၈၄၂၄ | ၁၇၈၁၀၇၉၆ | ၃၈၀၂၇၀ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၅၆၄၅၇ | ၁၈၀၅၅၉၂၄ | ၂၄၄၀၇ |
| ၉။ | အီတလီ | ၁၇၇၃၆၆၉၆ | ၁၆၉၆၅၂၅၈ | ၁၆၇၅၅၃ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၄၉၂၅ | ၉၅၈၃၁၀၅ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၄၄၂၄ | ၅၉၀၁၀၈၃ | ၁၅၆၆၇၃ |
| ၃။ | မလေးရှား | ၄၅၃၂၆၃၂ | ၄၄၇၃၀၂၁ | ၃၅၇၂၅ |
| ၄။ | ထိုင်း | ၄၄၉၂၉၁၃ | ၄၄၄၁၃၀၅ | ၃၀၄၀၆ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၄၅၂၉ | ၃၆၃၀၆၀၆ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၅၂၆၈၁ | ၁၂၆၉၃၀၇ | ၁၄၀၁ |
| ၇။ | မြန်မာ | ၆၁၃၄၆၇ | ၅၉၂၄၇၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၇၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၅၂၇၄ | ၁၅၁၆၀၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ပန်းတောင်းမြို့နယ်၌ စိုက်ပျိုးရေးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

ပန်းတောင်း ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးရေးစရိတ် ချေးငွေများကို မေ ၁၆ ရက်က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါစိုက်ပျိုးရေးစရိတ်ချေးငွေများကို တောင်သူများလက်ဝယ်အရောက် စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်းနှင့် အခြားသီးနှံတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက် ငါးရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ပြီး သီးနှံပေါ်ချိန်သတ်မှတ်ကာလတွင် ပြန်ဆပ်သည့်အခါ အတိုး/အရင်းပေါင်း၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၂ ခုနှစ်အတွက် စိုက်ပျိုးရေးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၇ အုပ်စု၊ တောင်သူဦးရေ ၈၇၃၅ ဦး၊ စိုက်ဧက ၂၅၇၂၉ ဧကအတွက် ငွေကျပ် ၅၃၃၅၉၃၅၀၀၀၀ အား ထုတ်ချေးပေးရန်လျာထား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်အထိ ကျေးရွာအုပ်စု ခုနစ်အုပ်စု တောင်သူ ၃၁၆ ဦး၊ စိုက်ဧက ၁၄၁၄ ဧကအတွက် ငွေကျပ် ၂၁၂၁၀၀၀၀၀ ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၁၆

လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မြို့နယ်အချို့ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး






မိုးကုတ်မြို့နယ်၌ အထက(ကျပ်ပြင်ဈေး)နှင့် အထက(ကျပ်ပြင်)တို့အား အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်ဗုံးတစ်လုံး၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် ပစ်ပေါက်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ရှာင်မြို့နယ်၌ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး လုံခြုံရေးဆောင်ရွက်ပေးနေသည့် အမျိုးသားတစ်ဦးအား PDF အကြမ်းဖက်သမားနှစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့၍ ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်ဗုံးဖြင့်ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲခဲ့မှုနေရာ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၁၆**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**သေနတ်ဖြင့်ပစ်ခတ်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် ကျောက္ကူပြင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားလျက်ရှိသည့် ကလေးသူငယ်များ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးနေသည့် ဆင်နက်ချောင်းကျေးရွာနေ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးအောင်အောင်ဆန်း (ခ) ကိုအောင် (၃၅)နှစ် (ဘ)ဦးမြစိုးသည် အဆိုပါကျောင်းအရှေ့ရှိ "မင်းထက်သာ" လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ် ဆင်နက်ချောင်းကျေးရွာဘက်မှ ဆိုင်ကယ်မောင်းနှင်လာသည့် PDF အမည်ခံ အကြမ်းဖက်သမား မုန့်စီလုံးနှင့် ဒီလုံး (စိစစ်ဆဲ)တို့ နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ဦးအောင်အောင်ဆန်း(ခ) ကိုအောင်က ဝင်ရောက်လုံးထွေး ဖမ်းဆီးခဲ့သော်လည်း အကြမ်းဖက်သမားနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ဦးအောင်အောင်ဆန်း (ခ)ကိုအောင်၏ ဝဲလက်မောင်းနှင့် လက်ဖျံတို့တွင် ကျည်ထိမှန်ဒဏ်ရာ နှစ်ချက်ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အလားတူ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်ပေါက်အနီး ခြံစည်းရိုးအုတ်တံတိုင်းအပြင်ဘက် မြေကွက်လပ်၌ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ဇွန် ၁၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကျပ်ပြင်အုပ်စု ကျပ်ပြင်မြို့မဈေးရပ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)က လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်းအရှေ့ရှိ ကျောင်းစောင့်နေအိမ်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်မှုမရှိကြောင်းနှင့် ထို့အတူ ညနေ ၃ နာရီခွဲတွင် ကျပ်ပြင်မြို့မရပ်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့အား PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)က လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်ပစ်ဗုံးမှာ ကျောင်းဝင်းအတွင်း ကျောင်းအုပ်ကြီးရုံးခန်းအနီး ကျရောက်ပေါက်ကွဲခဲ့ပြီးပေါက်ကွဲမှုကြောင့် ရုံးခန်းတွင် တပ်ဆင်ထားသည့် ပြတင်းတံခါးမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၅ ရက် ညနေ ၄ နာရီခွဲတွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျောင်းစောင့်ဖြစ်သူ ဦးမျိုးထွန်းရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဦးမျိုးထွန်းထံမှ ကျောင်းခန်းတံခါးသော့များ ခြိမ်းခြောက်တောင်းယူကာ ကျောင်းဝင်းအတွင်း သိမ်းဆည်းထားရှိသည့် Black Board/White Board ခုနစ်ချပ်၊ စာသင်ခုံသုံးယောက်ထိုင်ခုံအရှည်အစုံ ၅၀ ကျော်ခန့်အား လုယက်ယူဆောင်သွားကြောင်း သိရသည်။

ထို့အတူ ဇွန် ၁၅ ရက် ညနေ ၅ နာရီတွင် ရွှေကူမြို့နယ်အတွင်းရှိ သရက်ကုန်းကျေးရွာအုပ်စု နှုတ်ချိုကျေးရွာရှိအခြေခံပညာအလယ်တန်းကျောင်း၊ သရက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ သပြေလှကျေးရွာအုပ်စု သပြေလှကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၊ ပါခိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ တိန်းဟွန်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် မဏိသြဂ ကျေးရွာအုပ်စု ကုန်းနုကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတို့၌ ဇွန် ၁၃ ရက်က ဆရာ ဆရာမများမှ ကျောင်းသား ကျောင်းသူများအား စာသင်ကြားပေးနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက စာသင်ခန်းများအတွင်းသို့ လက်နက်များကိုင်ဆောင်ဝင်ရောက်လာပြီး "ဆရာ ဆရာမများအနေဖြင့် စာသင်ကြားမှုများအား ဆက်လက်မပြုလုပ်ရန်၊ ဆက်လက်သင်ကြားပါက ဖမ်းဆီးသတ်ဖြတ်ခြင်းခံရမည်ဟုလည်းကောင်း၊ ကလေးသူငယ်များအားလည်း စာသင်ကြားမှုမပြုဘဲ မိမိတို့၏နေအိမ်၌သာ နေကြရန်" ဟုလည်းကောင်း ခြိမ်းခြောက်ကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ဖယ်ရှားရှင်းလင်း**

ထို့ပြင် ဇွန် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မဇွပ်ယန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဝင်ပေါက်အနီးရှိ လျှပ်စစ်ဓာတ်တိုင်ပေါ်၌ "ကျောင်းတက်နေသည့် ကလေးသူငယ်များ ကျောင်းတက်ရောက်ခြင်းမပြုရန်၊ မိဘများမှလည်း မိမိတို့၏ကလေးများအား ကျောင်းထားခြင်းမပြုရန်၊ NUG ၏လမ်းညွှန်ချက်များအား လိုက်နာရန်နှင့် ကျောင်းတက်နေသည့် ကလေးသူငယ်များအပေါ် ကျရောက်လာသည့် အန္တရာယ်များအား ၎င်းတို့မှ တာဝန်မယူကြောင်း" ရေးသားထားသည့် A-4 စာရွက်တစ်ရွက်အား ကပ်ထားသည်ကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်းနှင့် အဆိုပါကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၅၃ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အလားတူ ဇွန် ၁၆ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ဟုမ္မလင်း ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအဝင်တံခါး၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံးဝင်ပေါက်၌ လက်လုပ်မိုင်း တစ်လုံးနှင့်အတူ "HPDF-124 အဖွဲ့ ဗိုလ်ကွဲကြီးအမည်ပါ ကျွန်ပညာရေးစနစ် အလိုမရှိကြောင်း" ရေးသားထားသည့် စာရွက်တစ်ရွက်နှင့်အတူ တွေ့ရှိရသဖြင့် လက်လုပ်မိုင်းအား ဖောက်ခွဲရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၆**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှု အန္တရာယ်မှ တိမ်းရှောင်လာကြသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင်အတွင်း၌ လာရောက်တိမ်းရှောင်နေသည့် အိမ်ထောင်စု ၁၀၅ စုအတွက် ဆန်၊ ဆီနှင့် ကုလားပဲများကို ထောက်ပံ့ပေးအပ်ရာ လာရောက်တိမ်းရှောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လာရောက်တိမ်းရှောင်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးသွားမည်**

နေပြည်တော် ကောင်စီနယ်မြေအတွင်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လာရောက်တိမ်းရှောင်သူ ၁၀၄၅ ဦး၊ အိမ်ထောင်စု ၂၈၃ စု လက်ခံထားရှိပြီး အိမ်ထောင်စု ၁၀၅ စုမှာ နေရပ်သို့ ပြန်လည်ထွက်ခွာသွားရာ လာရောက်တိမ်းရှောင်သူ ၅၉၇ ဦး၊ အိမ်ထောင်စု ၁၇၈ စု ကျန်ရှိကြောင်းနှင့် ကျန်ရှိသည့် အိမ်ထောင်စု ၁၀၅ စု အတွက် တိုင်းစစ်ဌာနချုပ်မှ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် အိမ်ထောင်စု ၇၃ စုကိုလည်း ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သောPDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်




**နေပြည်တော် ဇွန် ၁၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် သပိတ်ကျင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးချုပ်အောင်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၅)ရပ်ကွက်နေ ယဉ်မာကျော် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် "Yin Mar Kyaw" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၁)ရပ်ကွက်နေ ကျော်လှသန်းဦး (ခ) နန္ဒာမိုးမြင့် (၃၅)နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Hla Than Oo" Facebook အကောင့်၊ အလုံမြို့နယ် ကရင်ခြံကျေးရပ်ကွက်နေ ငြိမ်းကိုသူ (၂၂)နှစ်သည် ၎င်းအသုံးပြုသည့် "Nyein Ko Thu" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ သီတာဌေး (၃၉)နှစ်သည် ၎င်းအသုံးပြုသည့် "Thidar Htay" Tik Tok အကောင့်နှင့် ပြင်ဦးလွင်မြို့နယ် ဈေးကုန်းရပ်ကွက်နေ အာကာမိုးမြင့် (၁၇)နှစ်သည် ၎င်းအသုံးပြုသည့် "Ar Kar Moe Myint" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒီပဲယင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်လုပ်စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ဆေးရုံဝင်းအတွင်းရှိ ဓာတ်မှန်ဆောင် အမိုးနှင့်မျက်နှာကြက်တို့ ထိခိုက်ပျက်စီး

**နေပြည်တော် ဇွန် ၁၆**

ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်လုပ်စိန်ပြောင်းကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဆေးရုံဝင်းအတွင်းရှိ ဓာတ်မှန်ဆောင် အမိုးနှင့်မျက်နှာကြက်တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**လက်လုပ်စိန်ပြောင်းဖြင့်ပစ်ခတ်**

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်က ဒီပဲယင်းမြို့နယ်အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများက အင်တန်းကျေးရွာဘက်မှနေ၍ ဒီပဲယင်းမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ရာ လက်လုပ်စိန်ပြောင်းကျည်သည် တောင်ပြင်ရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဓာတ်မှန်ဆောင် သွပ်မိုး၊ အုတ်ကာ တစ်ထပ်ဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဓာတ်မှန်ဆောင်အမိုး သွပ်သုံးချပ်နှင့် မျက်နှာကြက်နှစ်ပေခန့် ပွင့်ထွက်ပျက်စီးခဲ့ပြီး လူနှင့်စက်ပစ္စည်းများ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၀ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၅၅ | ၂၃၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၅ | ၂၃၁၅ | ၂၅၃၅ | ၂၇၇၅ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၆၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၇၀ | ၂၇၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၅ | ၂၈၁၀ | ၂၈၀၅ | ၂၇၀၀ | ၂၇၁၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၄၅ | ၂၉၆၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၆ | ၂၂၀၂ |
| 95 Ron | ၂၂၁၃ | ၂၂၉၁ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၅ |
| HSD (50 ppm) | ၂၅၇၂ | ၂၆၅၃ |
| HSD (10 ppm) | ၂၅၇၂ | ၂၆၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပျော်ဘွယ်မြို့နယ်၌ ဝါသီးနှံမျိုးစေ့ထုတ် ဆင့်ပွားသင်တန်းဖွင့်

ပျော်ဘွယ် ဇွန် ၁၆

အရည်အသွေးကောင်းသော ချည်မျှင်ရှည်ဝါမျိုးစေ့ ရရှိစိုက်ပျိုးရေး၊ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဝါသီးနှံမျိုးစေ့ထုတ်ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေးဦးစီးဌာန ချောင်းမကြီးနည်းပညာပြန့်ပွားရေးစင်တာခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးကြည်လင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းညွှန့်၊ ပျော်ဘွယ်မြို့နယ်ဦးစီးမှူး ဦးလှမြင့်တို့က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

## ဆွေးနွေးပို့ချ

ယင်းနောက် ဝါသီးနှံမျိုးစေ့ထုတ် ဆင့်ပွားသင်တန်းကို ပရိုဂျက်တာဖြင့်ပြသ၍ ပျော်ဘွယ်မြို့နယ် ချောင်းမကြီး ဝါသီးနှံမျိုးသန့်ခြံ ခြံဦးစီးမှူး ဒေါ်နွယ်နီအောင်၊ ခြံဦးစီးမှူး ဦးကြည်စိုး၊ ပျော်ဘွယ်မြို့နယ် ဝါကြိတ်စက်ရုံတာဝန်ခံ ဦးခင်မောင်မြင့်တို့က ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး၊ ဝါမျိုးစေ့ထုတ်လုပ်ရေးများကို ဆွေးနွေးပို့ချသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စံပြကွက် ရွှေတောင် - ၁၀ ဧက ၁၀၀ စိုက်ပျိုးထားသော စိုက်ခင်းအတွင်းသို့ ကွင်းဆင်း၍ စိုက်ပျိုးရေးအသိပညာများကို ပြောကြားပြီး တက်ရောက်လာသော စိုက်ပျိုးတောင်သူများ၏ မေးမြန်းခြင်းများကို ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယနေ့ပြုလုပ်သော ဆင့်ပွားသင်တန်းတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်း ၂၁ ဦး၊ စိုက်ပျိုးတောင်သူ ၇၅ ဦး တက်ရောက်ကြပြီး ပျော်ဘွယ်မြို့နယ်အတွင်း၌ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ၅၀၄၈ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**



# ဇွန်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇွန် ၁၆

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဇွန်လအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

မိုး/ဇလ



# အင်းစိန်မြို့နယ်၌ ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း (၄/၂၀၂၂) ဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ရေလုပ်သားများအနေဖြင့် ပင်လယ်ပြင်တွင် ကြုံတွေ့ရသည့် အခက်အခဲများဖြေရှင်းနိုင်ရန် ရေလုပ်သားများနှင့် ပတ်သက်သည့် ဥပဒေ၊ ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာ၊ လုပ်ငန်းခွင်အရည်အသွေးများ တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သင်တန်း ဆရာ ဆရာမများက ရေလုပ်သား သင်တန်းသား ၃၀ ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ တစ်ရက်တာ သင်ကြားပေးပြီး ဆိပ်ကမ်းအကြောင်း၊ မီးဘေးကာကွယ်ရေး၊ ရှေးဦးပြုစုခြင်း၊ ငါးပုစွန်များ ကိုင်တွယ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာပေး စသည့် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၈ - ၆ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၂၅) ၌ ခြေထောက်တစ်ဖက် မသန်သော်လည်း မိမိဝါသနာပါသည်ကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သော မောင်လူအေးအကြောင်းကို တင်ဆက်ထားသည့် "မသန်ပေမဲ့စွမ်းနိုင်"မျက်နှာဖုံးဇာတ်လမ်း၊ စာပေဗိမာန်စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် စာစီစာကုံးများအနက် "မွေးမေမေ" စာစီစာကုံး၊ ရောဝတီမြစ်ကြီး၏ ကျေးဇူးကြီးမားပုံကို တင်ဆက်ထားသည့် "ဆုရတီအောင် - ချစ်သောမြစ်ရော" နှစ်မျက်နှာကာတွန်း၊ ပညာရှိပီသစွာ စကားကို အကြောင်းအကျိုး အဆက်




အစပ်များနှင့် ပြောဆိုတတ်သော ပညာရှိ ဦးပညာနှင့် မိမိသာပညာအရှိဆုံးဟု ထင်နေသော ဦးယသတို့အကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိ၏ဖြတ်ထိုးဉာဏ်" ပုံပြင်၊ စကားကို လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ကိုလာအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မလိမ်ပါဘူးကွာ" တစ်မျက်နှာကာတွန်း၊ မိမိ၏ ဘဝပေးအခြေအနေအရ မိမိလုပ်ကိုင်ဆောင်ရွက်ရသည့်အလုပ်ကို တန်ဖိုးထားလုပ်ဆောင်ကာ မိဘများကို မိမိတတ်နိုင်သည့်အရာများဖြင့် ကူညီလုပ်ကိုင်ဆောင်ရွက်ပေးသင့်ကြောင်း ရေးဖွဲ့ထားသည့် "ကျွန်တော်မရှက်တော့ပါ" ဝတ္ထု၊ ဉာဏ်ရည်ထက်မြက်ကာ လိမ္မာပါးနပ်သော ယုန်လေး၏ အသက်ဘေးမှ လွတ်မြောက်အောင် ကြံစည်ပုံအကြောင်းကို တင်ဆက်ထားသည့် "အကြံကောင်းတစ်ချက်" နှစ်မျက်နှာကာတွန်း၊ သူ၏ဦးလေးထံမှ မုန့်ဖိုးရရှိရေးအတွက် ဉာဏ်များကာ ပြောဆိုတတ်သော ရန်ပိုင်စိုးအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ရန်ပိုင်စိုး"နှစ်မျက်နှာကာတွန်း၊ Adjective(နာမဝိသေသန) များ၏ အသုံးအနှုန်းနှင့် ဝါကျများတွင် Adjective များ ထည့်သွင်းအသုံးပြုပုံအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ"အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၁ / ၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါ ကျူးလွန်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသည့် နိုင်ငံခြားသားကဖြစ်စေ ပြည်ပတွင်ကျူးလွန်မှု၊

(ဃ) ပုဒ်မခွဲ(ဂ)ပါ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအပေါ် ပြည်ပတွင်ကျူးလွန်မှု၊

(င) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေပြီး လူကုန်ကူးမှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါ ထိုသူကကျူးလွန်ခဲ့မှု။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်မှုပြုရန် အလို့ငှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ထိုသူကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည်-

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက် ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) လုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊

(၆) ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အခွင့်ကောင်းယူ၍ အလွဲသုံးစားပြုခြင်း၊

(၇) ထိုသူအပေါ် ချုပ်ကိုင်နိုင်သူ သို့မဟုတ် တစ်နည်းနည်းလွှမ်းမိုးနိုင်သူ၏ သဘောတူညီချက် ရရှိရန် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း။

**ခြွင်းချက်။** ပုဒ်မခွဲ (ခ) ပါ နည်းလမ်းတစ်ရပ်ရပ်နှင့် အကျုံးဝင် သက်ဆိုင်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးသူငယ်အား ခေါင်းပုံဖြတ်မှုတစ်ခုခုပြုလုပ်ရာတွင် သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်ပါက လူကုန်ကူးမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

(ဂ) **ခေါင်းပုံဖြတ်မှု** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မတောင်းရမ်းခိုင်းစေခြင်း၊ ကိုယ်ဝန်အငှားဆောင်စေခြင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိရန် အလို့ငှာ လိမ်လည်လှည့်ဖြား၍ ကလေးသူငယ်များအား မွေးစားခြင်း၊ ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်း တို့အပြင် ယင်းသို့ပြုရာမှရရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

**ရှင်းလင်းချက် (၁)။ ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်စေခြင်း** ဆိုသည်မှာ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာအတွက်ဖြစ်စေ၊ အခြားအဖိုးစားနား တစ်ခုခုအတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂကိစ္စပြုလုပ်စေရန်အလို့ငှာ တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ကာမဆက်ဆံခြင်း သို့မဟုတ် အစီအစဉ် ချမှတ်ဆောင်ရွက်ခြင်း ကိုဆိုသည်။

**ရှင်းလင်းချက် (၂)။ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း** ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန် အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုင်တွယ်ခြင်း၊ ကိုယ်တိုင်ပြသခြင်း၊ အမူအရာပြုလုပ် ပြသခြင်းကိုသော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ညစ်ညမ်းသည့် ပုံပြသခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုသော်လည်းကောင်း ဆိုသည်။

**ရှင်းလင်းချက် (၃)။ အဓမ္မအလုပ်ခိုင်းစေခြင်း သို့မဟုတ် အဓမ္မ ဝန်ဆောင်မှုပေးစေခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထိုသူ၏ သဘောဆန္ဒမပါဘဲဖြစ်စေ၊ ထိုက်တန်သည့် လုပ်အားခမပေးဘဲဖြစ်စေ ထိုသူအား ကိုယ်ထိလက်ရောက် ထိန်းချုပ်ထားခြင်း (Physically restraint)၊ ထိခိုက်ဒဏ်ရာရစေခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ထိုသူ၏ နိုင်ငံကူးလက်မှတ်၊ အခြားခရီးသွားအထောက်အထား စာတမ်းအမှတ်အသားများ သို့မဟုတ် အရေးကြီးစာရွက်စာတမ်းများကို သိမ်းဆည်းခြင်း တို့ပြုလုပ်ပြီး အလုပ်လုပ်ခိုင်းခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၄)။ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို လူသားတစ်ဦးကဲ့သို့ မသတ်မှတ်သည့်အပြင် ၎င်းပိုင်ကျွန်အဖြစ် သဘောထားပြီး ထွက်ပြေး၍ မရနိုင်အောင်ဖြစ်စေ၊ အခြားအလုပ်ပြောင်း၍ မလုပ်နိုင်အောင်ဖြစ်စေ ထိန်းချုပ်ထားပြီး ထိုသူ၏ ဆန္ဒမပါဘဲ ခိုင်းစေအသုံးချခြင်းကိုဆိုသည်။

**ရှင်းလင်းချက် (၅)။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း** ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့် အနေဖြင့်ဖြစ်စေ၊ အာမခံပေးသည့် အနေဖြင့်ဖြစ်စေ လူပုဂ္ဂိုလ်ကို အပေါင်ထားပြီး အလုပ်လုပ်ကိုင်ပေးရမည့် ကာလနှင့် လုပ်ငန်းအမျိုးအစားတို့ကို ရှင်းလင်းတိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီကိုခုနှိမ်ရန် လုပ်အားတန်ဖိုးကို အကြောင်းအကျိုးခိုင်လုံစွာ သတ်မှတ်ချက်မရှိဘဲ မြီစားအဖြစ် အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၆)။ အဓမ္မလက်ထပ်စေခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးကို ၎င်း၏ ဆန္ဒနှင့် ဆန့်ကျင်၍ဖြစ်စေ၊ လှည့်ဖြား၍ဖြစ်စေ၊ အနိုင်အထက်ပြု၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ ၎င်း၏ မိဘ၊ အုပ်ထိန်းသူ၊ မိသားစု၊ ဆွေမျိုး သို့မဟုတ် မိတ်ဆွေအား ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာပေး၍ ဖြစ်စေ လက်ထပ်ခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၇)။ အဓမ္မတောင်းရမ်းခိုင်းစေခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးကို ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ဖိအားပေးခြိမ်းခြောက်၍ ငွေကြေးရရှိရန် တောင်းရမ်းခိုင်းစေခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၈)။ လိမ်လည်လှည့်ဖြား၍ ကလေးသူငယ်များအား မွေးစားခြင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးက ကလေးသူငယ်ကို ရောင်းစားရန် သို့မဟုတ် ခိုင်းစေရန်၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို အလွဲသုံးစားပြုလုပ်ရန် သို့မဟုတ် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ရယူရန် ရည်ရွယ်ချက်ဖြင့် ကလေးသူငယ်ကိုဖြစ်စေ၊ ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုဖြစ်စေ ယုံကြည်အောင် ပြောဆို၍ ကလေးသူငယ်အား မွေးစားခြင်းကို ဆိုသည်။

**ရှင်းလင်းချက် (၉)။ ကိုယ်ဝန်အငှားဆောင်စေခြင်း** ဆိုသည်မှာ လူကုန်ကူးမှု ကျူးလွန်ရန် အလို့ငှာ အမျိုးသမီးအား ခြိမ်းခြောက်၍ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ အခြားသူအတွက် ကိုယ်ဝန်ရရှိစေခြင်း သို့မဟုတ် အမျိုးသမီးက မိမိ၏ သဘောဆန္ဒအလျောက် အခြားသူအတွက် ကိုယ်ဝန်ရရှိစေခြင်းကို ဆိုသည်။

(ဃ) **လူကုန်ကူးခံရသူ** ဆိုသည်မှာ လူကုန်ကူးခံရသူအဖြစ် ဤဥပဒေအရစိစစ်ဖော်ထုတ်၍ သတ်မှတ်ခြင်းခံရသူကိုသော်လည်းကောင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်းခံရသူကို သော်လည်းကောင်း ဆိုသည်။

(င) **ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်** ဆိုရာတွင် ငွေကြေးပေးခြင်း သို့မဟုတ် ငွေကြေးမပါဘဲ မက်လုံးပေး ဆွဲဆောင်ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ဆုချီးမြှင့်ခြင်း၊ အကျိုးအမြတ်ဖြစ်ထွန်းစေခြင်း၊ လိင်ဖျော်ဖြေမှုပေးခြင်း၊ အထူးအခွင့်အရေးပေးခြင်း သို့မဟုတ် အခြားဝန်ဆောင်မှု တစ်မျိုးမျိုးပေးခြင်းတို့ ပါဝင်သည်။

(စ) **ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူအုပ်စု** ဆိုသည်မှာ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေရရှိရန် အလို့ငှာ ကြီးလေးသော ပြစ်မှုကို ကျူးလွန်ရန် အချိန်ကာလတစ်ခုအတွက် လူသုံးဦးနှင့်အထက် ပါဝင်၍ ပုံစံတကျဖွဲ့စည်းထားသော အုပ်စုကို ဆိုသည်။

**ရှင်းလင်းချက်။ ပုံစံတကျဖွဲ့စည်းထားသောအုပ်စု** ဆိုသည်မှာ ရည်ရွယ်ချက်မရှိဘဲ လတ်တလော ကျူးလွန်ရန် ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျ ကြိုတင်ဖွဲ့စည်းထားသည့် အုပ်စုကို ဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ ကဏ္ဍနှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များ၊ အဖွဲ့ဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စုတိုးချဲ့ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျရှိရန် မလို။

(ဆ) **ကြီးလေးသောပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်လေးနှစ်နှင့် အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

(ဇ) **နိုင်ငံဖြတ်ကျော်မှုခင်း** ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သော ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်သောပြစ်မှု၏ အဓိကကျသော အပိုင်းများကို အခြားနိုင်ငံတစ်ခုခုတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စီမံချက်ချခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများက အခြားနိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သူအုပ်စုတွင် ပါဝင်သက်ဆိုင်သည့် ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်ခုခုကို ထိခိုက်နစ်နာစေသော ပြစ်မှုကို သော်လည်းကောင်း ဆိုသည်။

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ

(ဈ) **ထိန်းချုပ်ဖော်ထုတ်ခြင်း (Controlled Delivery)** ဆိုသည်မှာ လူကုန်ကူးမှု ကျူးလွန်သူကို နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းကိုသော်လည်းကောင်း၊ လူကုန်ကူးမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်းကိုသော်လည်းကောင်း စစ်ဆေးတွေ့ရှိသည့်အခါ အဓိကပြစ်မှု ကျူးလွန်သူအား ဖော်ထုတ်အရေးယူရန် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် သို့မဟုတ် တားဆီးနှိမ်နင်းရေး အရာရှိက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြစ်မှုကျူးလွန်သူကို ထိန်းချုပ်၍ စုံစမ်းစစ်ဆေးခြင်း၊ ဖော်ထုတ်အရေးယူခြင်းပြုသည့် နည်းစနစ်ကို ဆိုသည်။

(ည) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ တိရစ္ဆာန်အပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် သက်သေခံအဖြစ် လက်ခံနိုင်သော စာချုပ်စာတမ်းနှင့် အဆိုပါပစ္စည်း၌ အကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဋ) **ဗဟိုအဖွဲ့ရန်ပုံငွေ** ဆိုသည်မှာ ဗဟိုအဖွဲ့က ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာရန်ပုံငွေ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

(ဍ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဎ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

(ဏ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့ကျူးလွန်သည့် မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှုဆိုင်ရာ နောက်ဆက်တွဲ ပရိုတိုကောလ်များ၏ အဖွဲ့ဝင်နိုင်ငံ အသီးသီးကိုလည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်း နိုင်ငံများ သို့မဟုတ် နှစ်နိုင်ငံ သဘောတူချုပ်ဆိုသည့် စာချုပ်ဝင်နိုင်ငံအသီးသီးကိုလည်းကောင်း ဆိုသည်။

(တ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ ဗဟိုအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အသီးသီးကို ဆိုသည်။

(ဓ) **ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့အဆင့်ဆင့်ကို ဆိုသည်။

(န) **တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (Anti-Trafficking in Persons Division)ကို ဆိုသည်။

(ပ) **တားဆီးနှိမ်နင်းရေးအရာရှိ (Enforcement Officer)** ဆိုသည်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအတွက် ဤဥပဒေ အခန်း(၈)ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း ခံရသည့် အရာရှိ အသီးသီးကို ဆိုသည်။

(ဖ) **ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်အသီးသီးရှိသက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကို အခြေပြု၍ ဤဥပဒေအရ ဖွဲ့စည်းသည့် လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ တားဆီးနှိမ်နင်းရန်၊

(ခ) လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ရန်၊ အထူးသဖြင့် လူကုန်ကူးခံရသူ အမျိုးသမီးနှင့် ကလေးသူငယ်များအား အလေးဂရုပြု၍ ကာကွယ်ရန်နှင့် အကူအညီပေးရန်၊

(ဂ) လူကုန်ကူးမှု ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ လျော့နည်း ပပျောက်စေရန်၊

(ဃ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(င) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်း နိုင်ငံများနှင့် ချုပ်ဆိုထားသည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေး အဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့် အခြေခံအချက်အလက်များရရှိနိုင်ရေးအတွက်လည်းကောင်း ကျွမ်းကျင်သူများ ပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သော အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုများ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုလာစေရေးအတွက် အသိပညာပေး အစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(စ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေး စီမံချက်များ၊ အစီအစဉ်များချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင် ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး အာဏာပိုင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရသည့် အမျိုးသား၊ အမျိုးသမီး၊ လိင်ဝိသေသ ထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏ အကျိုးအတွက် အလေးဂရုပြု ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေအရ ရန်ပုံငွေ တည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်း အကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေအရ တရားမစွဲဆိုမီ သက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

(ဌ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဍ) လူကုန်ကူးမှုနှင့် ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ပြစ်မှုကျူးလွန်သော လူကုန်ကူးခံရသူအား စိစစ်ပြီး ၎င်းအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဎ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေး လုပ်ငန်းများအတွက် အစီအမံများ ချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့် သက်ဆိုင်သော လိုအပ်သည့် စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOP)ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်ပါက ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှု ကျူးလွန်သူတရားခံများကို တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဓ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

(န) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

(ပ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**စာမျက်နှာ ၁၈ သို့ ☆**

☆ စာမျက်နှာ ၁၇ မှ

**အခန်း (၄)**

**လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း**

၇။ ဗဟိုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ သို့မဟုတ် ဗဟိုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးက ဦးဆောင်၍ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(ခ) နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(ဂ) ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊

(င) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

၈။ ဗဟိုအဖွဲ့သည် နေပြည်တော်ကောင်စီနှင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်လည်းကောင်းညှိနှိုင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၉။ နေပြည်တော်ကောင်စီသည် မိမိဒေသအတွင်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့်အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်၍ လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်၍လည်းကောင်း အောက်ပါ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ခ) ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ဂ) မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့။

**အခန်း (၅)**

**ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် -

(က) ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့်မှတ်တမ်းကို တင်ပြစေရန် မိမိတို့စီမံခန့်ခွဲသည့် ဒေသအတွင်း မြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှအပ သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သောပုဂ္ဂိုလ်များ အနည်းဆုံးငါးဦးမှ အများဆုံးခုနစ်ဦးအထိ ပါဝင်သည့် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့များသည် -

(က) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိသည့်အခါ သက်ဆိုင်သူများကို သတ်မှတ်ချက်များနှင့်အညီ စုံစမ်းမေးမြန်းခြင်း၊ ဆင့်ခေါ်၍ စစ်ဆေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းကို ပြုစုခြင်း၊

(ခ) ပုဒ်မခွဲ(က)အရပြုစုသည့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းကို သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လူကုန်ကူးခံရသူအား ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊

(ဃ) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ထပ်မံစုံစမ်းစစ်ဆေးတင်ပြရန် သက်ဆိုင်ရာ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးပြီး အချက်အလက် ပြည့်ပြည့်စုံစုံ ပြန်လည်တင်ပြခြင်း၊

(င) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်တစ်ဦးဦးက တရားရုံးတွင် ထိုမှတ်တမ်းကို သက်သေခံအဖြစ် တင်သွင်းနိုင်ခြင်း။

၁၂။ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် -

(က) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းကို အချက်အလက်ပြည့်စုံစွာ တင်ပြနိုင်ရန် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ကို ထပ်မံစုံစမ်းစေခြင်း၊

(ခ) လူကုန်ကူးမှုကို တရားရုံးသို့ တရားစွဲတင်ပို့ရန်ရှိသည့်အခါ လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းအား သက်သေခံအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် သက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအရာရှိ သို့မဟုတ် ရဲတပ်ဖွဲ့စခန်းသို့ဖြစ်စေ ပေးပို့ခြင်း၊

(ဂ) လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့်မှတ်တမ်းအရဖြစ်စေ၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဂ)အရ လူကုန်ကူးခံရသူအား လွှဲပြောင်းအပ်နှံလာသည့်အခါဖြစ်စေ လူကုန်ကူးခံရသူသည် တရားဝင်ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ရပ်ကို ဆုံးရှုံးနစ်နာလျက်ရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သလို အမြန်ဆုံးဆောင်ရွက်ပေးခြင်း။

**အခန်း (၆)**

**လူကုန်ကူးခံရသူနှင့် သက်သေများအား အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်း**

၁၃။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့ကချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လူကုန်ကူးခံရသူနှင့် သက်သေများအား အကာအကွယ်ပေးခြင်း၊ အကူအညီပေးခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပြီး အောက်ပါအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည်-

(က) လူကုန်ကူးမှုများအတွက် တရားစွဲဆိုသော မှုခင်းများနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူနှင့် ၎င်းမိသားစုတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုနှင့် ကိုယ်ရေးမှတ်တမ်းအချက်အလက်များကို လျှို့ဝှက်ထားစေရမည့်အပြင် ယင်းတို့ကို ထုတ်ဖော်မှု၊ ပေါက်ကြားမှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်စေခြင်း၊

(ခ) သက်ဆိုင်ရာတရားရုံးက လူကုန်ကူးခံရသူ အမျိုးသမီးနှင့် ကလေးသူငယ်တို့အား ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် အများပြည်သူရှေ့ စစ်ဆေးစီရင်ခြင်းမပြုသင့်ဟုယူဆသည့် အမှုတွင်ဖြစ်စေ၊ ၎င်းတို့၏ တောင်းဆိုချက်အရဖြစ်စေ အများမကြားနိုင်သည့် သီးသန့်ရုံးခန်း(in camera)တွင် စစ်ဆေးစီရင်ခြင်းပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးခံရသူနှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာများ၊ အမှုတွဲပါ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မှတစ်ပါး ကြည့်ရှုခွင့်၊ ကူးယူခွင့်၊ တစ်နည်းနည်းဖြင့် ထုတ်ဖော်ခွင့်မပြုရခြင်း၊

(ဃ) လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း၊ သတင်းဖြန့်ချိခြင်းပြုရာတွင် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တရားရုံးသို့ သက်သေထွက်ဆိုရန် ရောက်ရှိလာသော လူကုန်ကူးခံရသူနှင့် သက်သေများအား ခြိမ်းခြောက်ခြင်းနှင့် အန္တရာယ်ပြုခြင်းများမှကင်းဝေးစေရန် လိုအပ်သည့်ကာကွယ်မှုပေးခြင်း။

၁၄။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးများ တောင်းဆိုမှု၊ လုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုတို့နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်-

(က) လူကုန်ကူးမှုအတွက် ဤဥပဒေအရ ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုထားစေကာမူ လူကုန်ကူးခံရသူက ၎င်း၏နစ်နာဆုံးရှုံးမှုအတွက် တရားမကြောင်းအရ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် လူကုန်ကူးမှုကျူးလွန်သူအပေါ် တရားစွဲဆိုမှုတွင် ဥပဒေအရ အကြံဉာဏ်ပေးရန်နှင့် အမှုလိုက်ပါဆောင်ရွက်ပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အကူအညီတောင်းခံခြင်း၊ လိုအပ်ပါက ရှေ့နေငှားရမ်းပေးခြင်း၊ စကားပြန်ဖြင့် စစ်ဆေးစီရင်နိုင်ရန် အကူအညီပေးခြင်းနှင့် လူကုန်ကူးခံရသူသည် နိုင်ငံခြားသားဖြစ်ပါက သံတမန်နည်းလမ်းအရ ဆောင်ရွက်ပေးခြင်း၊

(ခ) ခေါင်းပုံဖြတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသော လူကုန်ကူးခံရသူများအား နှစ်သိမ့်ဆွေးနွေးအကြံပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် လူကုန်ကူးမှုကျူးလွန်သူအား တရားရုံးတွင် စစ်ဆေးနေသည့်ကာလအတွင်းဖြစ်စေ၊ လူကုန်ကူးခံရသူက လျော်ကြေး သို့မဟုတ် နစ်နာကြေးရရှိလိုမှုကြောင့် စွဲဆိုနေသည့်ကာလအတွင်းဖြစ်စေ လူကုန်ကူးခံရသူအား ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံမှုနှင့် အခြားလိုအပ်သည့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးခြင်း။

၁၅။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများ၊ အမှုစစ်အရာရှိများနှင့် သက်ဆိုင်ရာတရားရုံးတို့သည် လူကုန်ကူးမှုအတွက် ထွက်ဆိုချက်ပေးသော လူကုန်ကူးခံရသူ အပါအဝင် သက်သေများ၊ ၎င်းတို့၏ ဆွေမျိုးများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ -

(က) လူကုန်ကူးခံရသူ အပါအဝင် သက်သေများအား ပြုလုပ်လာဖွယ်ရှိသော ခြိမ်းခြောက်မှု သို့မဟုတ် လက်တုံ့ပြန် ကလဲ့စားချေမှုများ မဖြစ်ပွားစေရေးအတွက် လုံလောက်သော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ခ) ၎င်းတို့၏ လုံခြုံရေးအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နေထိုင်စေခြင်း သို့မဟုတ် ယာယီနေရာထိုင်ခင်း စီစဉ်ပေးခြင်းနှင့် ကိုယ်ရေးမှတ်တမ်း၊ သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ထားရှိ၍ ဆောင်ရွက်ပေးရမည်။

(ဂ) သက်သေအဖြစ်ထွက်ဆိုရာတွင် ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာအသုံးပြု၍ ဗီဒီယိုဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းဖြင့် စစ်ဆေးခြင်း၊ ထွက်ဆိုချက်ကို မှတ်တမ်းတင်ခြင်းတို့ ပြုနိုင်သည်။

(ဃ) ဗီဒီယိုဆက်သွယ်ဆောင်ရွက်ရေး (Video Conferencing) နည်းဖြင့် စစ်ဆေးသော ထွက်ဆိုချက်မှတ်တမ်းကို တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊ လက်ခံခြင်းပြုနိုင်သည်။

၁၆။ လူကုန်ကူးခံရသူအား အောက်ပါပြုလုပ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုဖြင့် အရေးယူခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် အပြစ်ပေးခြင်းမပြုရ-

(က) လူကုန်ကူးခံရသူက သဘောတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ ပါဝင်ပတ်သက်ခြင်း၊

(ခ) ပြည်ပနိုင်ငံ တစ်နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခြင်း၊ တစ်ဆင့်ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်း၊ တရားမဝင်နေထိုင်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်း၊

(ဂ) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသား တစ်ခုခုကိုရယူခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း။

၁၇။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ တားဆီးနှိမ်နင်းရေးအရာရှိများနှင့် အမှုစစ်အရာရှိများသည် လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုနှင့် ငြိစွန်းကြောင်းတွေ့ရှိ၍ လူကုန်ကူးခံရသူအား အရေးယူရန်ကိစ္စပေါ်ပေါက်လာပါက သက်ဆိုင်ရာလုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ရယူရမည်။

**အခန်း (၇)**

**လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း**

၁၈။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင်ရှိသော နိုင်ငံတော်၏သံရုံးသည် ထိုနိုင်ငံသို့ ရောက်ရှိနေပြီး လူကုန်ကူးခံရသူ၏ လုံခြုံရေးအတွက် အလေးထားလျက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ပေးရန် အစွမ်းကုန်ကြိုးစား၍ ခိုင်လုံသော ခရီးသွားအထောက်အထား၊ စာတမ်းအမှတ်အသားများ မရှိသူကို ခိုင်လုံသောအထောက်အထားများ ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၁၉။ နိုင်ငံတော်၏ သံရုံးမရှိသော ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသူ၏ လုံခြုံရေးအတွက် အလေးထားလျက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ပေးရန် ထိုနိုင်ငံနှင့် အနီးဆုံးနိုင်ငံတွင်ရှိသော နိုင်ငံတော်၏သံရုံးက ခိုင်လုံသော ခရီးသွားအထောက်အထား၊ စာတမ်းအမှတ်အသားများ မရှိသူကို ခိုင်လုံသောအထောက်အထားများထုတ်ပေးရန် စီစဉ်ဆောင်ရွက်ပေးရမည်။ **စာမျက်နှာ ၁၉ သို့ ☆**

☆ စာမျက်နှာ ၁၈ မှ

၂၀။ နိုင်ငံတော်၏သံရုံးသည် ပုဒ်မ ၁၈ နှင့် ၁၉ တို့အရ နိုင်ငံတော်သို့ ပြန်လည်ပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရာတွင် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး လိုအပ်သည့်စိစစ်မှုများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအရာရှိတို့သည် နိုင်ငံတော်အတွင်းသို့ အခြားနိုင်ငံမှ ပြန်လည်ပို့ဆောင်သော လူကုန်ကူးခံရသူများနှင့် မိမိအစီအစဉ်ဖြင့် ပြန်လာသည့် လူကုန်ကူးခံရသူများ၏ သဘောဆန္ဒကို အလေးထားပြီး ၎င်းတို့အား ယာယီနေထိုင်ရန် လုံခြုံစိတ်ချရသည့်နေရာ သို့မဟုတ် သင့်လျော်သည့်ဂေဟာ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၂။ ပုဒ်မ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁ တို့နှင့်အညီ စီစဉ်ဆောင်ရွက်ပေးမှုအရ နိုင်ငံတော်အတွင်းသို့ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများကို ဤဥပဒေ အခန်း(၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းတို့ပြုရမည်။

၂၃။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းသို့ ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူးခံရသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာများအား ပြန်လည်ကုစားပေးနိုင်ရေးအတွက် အောက်ပါတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အထူးအကာအကွယ်ပေးခြင်းတို့ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ရန်ပုံငွေမှ ပံ့ပိုးကူညီရမည်–

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးခြင်းမှာ အကောင်းဆုံးအခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက ယင်းကဲ့သို့ ပြန်လည်ပို့ဆောင်ပေးခြင်း၊

(ခ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ပေးရန် အခြေအနေမပေးသည့်အခါတွင်ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ပေးရန် မသင့်လျော်သော အခြေအနေရှိသည့် အခါတွင်ဖြစ်စေ အခြားသင့်လျော်သော လုံခြုံစိတ်ချရသည့်နေရာ သို့မဟုတ် သင့်လျော်သည့် ဂေဟာ သို့မဟုတ် ပရဟိတဂေဟာတစ်ခုခုတွင် စီစဉ်ပေးခြင်း၊

(ဂ) အသက်အရွယ်နှင့် ရင့်ကျက်မှုအပေါ်မူတည်၍ ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် လွတ်လပ်စွာ ရွေးချယ်နိုင်ရန် အလေးထား စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ၎င်းတို့၏ သဘောတူညီချက်အရ အထူးအစီအစဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊

(င) ဘဝရပ်တည်မှုကို အထောက်အကူဖြစ်စေမည့် ပညာသင်ကြားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး၊ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးတို့အတွက် အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူများ၏ အသက်၊ ကျား၊ မ ဖြစ်တည်မှုနှင့် အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်ပေးခြင်း၊

(ဆ) နိုင်ငံတော်သို့ရောက်ရှိလာသည့် မည်သည့်လူကုန်ကူးခံရသူကိုမဆို လိုအပ်သည့် အကာအကွယ်နှင့်အကူအညီပေးခြင်း။

## အခန်း (၈)
## တားဆီးနှိမ်နင်းခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၂၄။ (က) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးအရာရှိများအဖြစ် ဆောင်ရွက်ရန်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရှိစေရမည်။

(ခ) ခရီးသည်များ နိုင်ငံတော်မှ ထွက်ခွာခြင်းနှင့် နိုင်ငံတော်အတွင်း ဝင်ရောက်ခြင်းပြုသည့် စစ်ဆေးရေးဂိတ်၊ စခန်း၊ ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လူဝင်မှုကြီးကြပ်ရေးအရာရှိများနှင့် အကောက်ခွန်အရာရှိများသည် ၎င်းတို့တာဝန်ထမ်းဆောင်ချိန်တွင် တားဆီးနှိမ်နင်းရေးအရာရှိများအဖြစ်ဆောင်ရွက်ရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိစေရမည်။

၂၅။ အများပြည်သူ ဝင်ထွက်သွားလာနိုင်ခြင်းမပြုနိုင်သော နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသည့် အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အအုံ သို့မဟုတ် ယာဉ်တစ်ခုခုတွင် လူကုန်ကူးမှုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း လုံလောက်သည့်သတင်းရရှိလျှင် ဖော်ပြပါနေရာများသို့ ဝင်ရောက်ရှာဖွေခြင်း၊ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် လူကုန်ကူးခံရသူများအား ကယ်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းကို တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ရဲအရာရှိ တစ်ဦးဦးဖြစ်ပါက မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မိမိလက်အောက်ရှိ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ရှာဖွေမိန့်ထုတ်ပေး၍ ဆောင်ရွက်စေခြင်း၊

(ခ) တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး သို့မဟုတ် ယင်းတို့၏ တာဝန်ကို ထမ်းဆောင်နေသည့် ရဲအရာရှိတစ်ဦးဦးဖြစ်ပါက မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် မိမိလက်အောက်ရှိ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ရှာဖွေမိန့်ထုတ်ပေး၍ ဆောင်ရွက်စေခြင်း၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ရာတွင် မိမိတို့၏ ဝန်ထမ်းသက်သေခံ ကတ်ပြားကိုလည်းကောင်း၊ ရှာဖွေမိန့်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသည့် ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိများက ရှာဖွေမိန့်ကိုလည်းကောင်း ရှာဖွေစစ်ဆေးခြင်း ခံရသူအားပြသ၍ ဆောင်ရွက်ခြင်း။

၂၆။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်နှင့် ဒုတိယရဲအုပ် အဆင့်ထက် မနိမ့်သော ရဲအရာရှိများသည် အများပြည်သူ ဝင်ထွက်သွားလာနိုင်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်တစ်ခုခု သို့မဟုတ် ပရဝဏ်တွင် လူကုန်ကူးမှုကျူးလွန်ကြောင်း သတင်းရရှိလျှင်ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လူကုန်ကူးမှု ကျူးလွန်နိုင်သူနှင့် လူကုန်ကူးမှု ကျူးလွန်ခံရနိုင်သူများအား စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်း၊ မေးမြန်းခြင်းနှင့် ရှာဖွေခြင်း၊

(ခ) လူကုန်ကူးမှုကျူးလွန်သူများနှင့် လူကုန်ကူးမှုကျူးလွန်သည်ဟု သင်္ကာမကင်းသူများ သို့မဟုတ် မသင်္ကာသူများအား ဖမ်းဆီးခြင်း၊ လူကုန်ကူးခံရသူများအား ကယ်တင်ခြင်း၊

(ဂ) လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များ၊ စာရွက်စာတမ်း အထောက်အထားများနှင့် ဆက်စပ်ကိရိယာများကို ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၂၇။ တားဆီးနှိမ်နင်းရေးအရာရှိသည်–

(က) အမှုနှင့်သက်ဆိုင်သော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဗဟိုအဖွဲ့၏ စာဖြင့်ညွှန်ကြားချက်အရ ချိပ်ပိတ်ပြီး သိမ်းဆည်းခြင်း သို့မဟုတ် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်းပြုနိုင်သည်။

(ခ) လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းကြောင့် ရရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြား အကျိုးအမြတ်များကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး အရေးယူနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ လွှဲပြောင်းပေးနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာ အကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီသို့ တင်ပြခြင်းပြုနိုင်သည်။

၂၈။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းရရှိလျှင်ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရလျှင်ဖြစ်စေ အောက်ပါကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူ အုပ်စုများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်း နည်းစနစ်ဖြင့် အီလက်ထရောနစ် ဆက်သွယ်ရေးပစ္စည်း ကိရိယာကို အသုံးပြု၍ စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဖော်ထုတ်အရေးယူခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် အခြားအဖွဲ့ဝင်နိုင်ငံမှ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပူးတွဲ၍ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်အရေးယူခြင်း။

၂၉။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်–

(က) လူကုန်ကူးမှုကျူးလွန်သူများ၏ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အော်ပရေတာများအား အကြောင်းကြားခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ မိတ္တူပေးပို့ အသိပေးခြင်း။

၃၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ဤဥပဒေအရ လူကုန်ကူးမှုကျူးလွန်သည့် ပြစ်မှုနှင့်သက်ဆိုင်သော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များနှင့် စပ်လျဉ်း၍ ဗဟိုအဖွဲ့ကထုတ်ဆင့်သော ခွင့်ပြုမိန့်ရရှိလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် သက်သေခံပစ္စည်း သိမ်းဆည်းခွင့်ပြုခြင်း၊

(ခ) အရေးယူဆောင်ရွက်သည့် အမှုကိစ္စမပြီးပြတ်မီ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများ၊ ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များအား မည်သူ့ကိုမျှ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားခြင်း။

၃၁။ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကိုနောက်ကွယ်မှ အဓိကကျူးလွန်သူများ၊ ပြည်တွင်းပြည်ပဂိုဏ်းနှင့် အုပ်စုဝင်များကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ စိစစ်ခွင့်ပြုချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ဖြင့် နောက်ယောင်ခံ၍ စုံစမ်းဖော်ထုတ်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ လျှို့ဝှက်အမာခံ သတင်းပေးသူကို အသုံးပြု၍ ဖော်ထုတ်ဖမ်းဆီးခြင်းတို့ကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၉)
## အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးခြင်း

၃၂။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်–

(က) လူကုန်ကူးမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားစွဲဆိုရာတွင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၌ တည်ရှိပြီး ယင်းတို့ကို ရှာဖွေသိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့ပြုလုပ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ သံတမန်လမ်းကြောင်းမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ တောင်းဆို၍ ဆက်လက်ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော သက်သေခံငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းမှာ နိုင်ငံတော်အတွင်း၌တည်ရှိပြီး ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွင် အဆိုပါ ပြစ်မှုအတွက် စစ်ဆေးစီရင်သည့်အခါ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ရှိသဖြင့် ထိုသက်သေခံပစ္စည်းကို လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ တောင်းဆိုလာပါက စိစစ်လွှဲပြောင်းပေးခြင်း။

၃၃။ ဗဟိုအဖွဲ့သည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် လူကုန်ကူးမှုများတွင် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် အဖွဲ့ဝင်နိုင်ငံ၏ အာဏာပိုင်သို့ အကူအညီတောင်းခံလိုလျှင်ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက နိုင်ငံတော်သို့ အကူအညီတောင်းခံလာလျှင်ဖြစ်စေ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုအပ်လျှင်ဖြစ်စေ ယင်းဥပဒေအရ ဖွဲ့စည်းထားသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်းကို ဆောင်ရွက်ရမည်။

၃၄။ ဗဟိုအဖွဲ့သည် မြန်မာနိုင်ငံသား၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်ကိုင်ဆောင်ထားသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ကျူးလွန်သည့် ဤဥပဒေပါပြစ်မှုနှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ကိုရယူပေးခြင်း၊ တရားစီရင်ရေးဆိုင်ရာ စာတမ်းအမှတ်အသားများ အကျိုးသက်ရောက်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြစ်မှုကျူးလွန်သူ၏ နေရပ် လိပ်စာ၊ သက်သေခံပစ္စည်း၏ တည်နေရာနှင့် အခြားလိုအပ်သော အချက်များဖော်ထုတ်ပေးခြင်း၊

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ

သက်သေခံပစ္စည်းကို ရှာဖွေပေးခြင်း၊ သိမ်းဆည်းပေးခြင်း၊ ထိန်းချုပ်ပေးခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ပေးခြင်းနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပေးခြင်းတို့ကို ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေနှင့်အညီ ယင်းဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၁၀)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၅။ မည်သူမဆို အမျိုးသမီးနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို အမျိုးသမီးနှင့် ကလေးသူငယ်များမှအပ အခြားသူတစ်ဦးဦးကို လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၇။ လူကုန်ကူးခံရသူမှအပ မည်သူမဆို လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ ပြည်ပသို့ ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်းအမှတ်အသားကို ပြုလုပ်ခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း၊

(ခ) မမှန်မကန် လိမ်လည်ပြုလုပ်ထားသော ခရီးသွားအထောက်အထား သို့မဟုတ် သက်သေခံစာတမ်း အမှတ်အသားကို တရားမဝင် ရယူခြင်း၊ ပေးခြင်း၊ ရောင်းချခြင်း၊ လက်ဝယ် ထားခြင်း သို့မဟုတ် အသုံးပြုခြင်း။

၃၈။ မည်သူမဆို–

(က) ပုဒ်မ ၃၅ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့မှုခင်းကျူးလွန်သူ အုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းအုပ်စုဝင် တစ်ဦးချင်းကို အနည်းဆုံး ထောင်ဒဏ် နှစ် ၂၀ မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၆ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့မှုခင်း ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းအုပ်စုဝင် တစ်ဦးချင်းကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး နှစ်၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင်–

(က) ကြီးလေးသော ပြစ်မှုတစ်ခုခုကိုပါ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည်။

(ခ) လူကုန်ကူးခံရသူအား သေဆုံးစေခြင်း သို့မဟုတ် သူတစ်ပါး၏ အကူအညီကို အမြဲတမ်းရယူရသည့် မသန်စွမ်းခြင်းဖြစ်စေသည်အထိ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို သေဒဏ်ချမှတ်ရမည်။

၄၀။ လူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း လူကုန်ကူးမှုပြစ်မှု တစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသူဖြစ်ပါက ထိုသူ ထပ်မံကျူးလွန်သော လူကုန်ကူးမှုအတွက် ပြဋ္ဌာန်းထားသော အမြင့်ဆုံး ပြစ်ဒဏ်ကို ချမှတ်ရမည်။

၄၁။ မည်သူမဆို အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်–

(က) လူကုန်ကူးမှုအတွက် တရားစွဲဆိုသော မှုခင်းများနှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူနှင့် ၎င်းမိသားစုတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုနှင့် ကိုယ်ရေးမှတ်တမ်း အချက်အလက်များကို အမှုနှင့်မသက်ဆိုင်သူအား တစ်နည်းနည်းဖြင့် ထုတ်ဖော်ခြင်း၊ ပြသခြင်း သို့မဟုတ် ဖြန့်ချီခြင်း၊

(ခ) လူကုန်ကူးခံရသူနှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာများ၊ အမှုတွဲပါ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မှတစ်ပါး ကြည့်ရှုခြင်း၊ ကူးယူခြင်း၊ တစ်နည်းနည်းဖြင့် ထုတ်ဖော်ခြင်း၊ ပြသခြင်း သို့မဟုတ် ဖြန့်ချီခြင်း၊

(ဂ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း၊ သတင်းဖြန့်ချီခြင်းပြုရာတွင် တည်ဆဲဥပဒေနှင့် အညီဆောင်ရွက်မှုမပြုခြင်း။

၄၂။ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့က ပုဒ်မ ၂၈ ၊ ပုဒ်မခွဲ(က)အရ ဆောင်ရွက်ချက်တစ်စုံတစ်ရာကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ် သိန်း ၃၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၄၃။ ဆက်သွယ်ရေးဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ရရှိသော မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်း အော်ပရေတာမဆို ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ် သိန်း ၃၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ ညွှန်ကြားခြင်း၊ စီမံခန့်ခွဲခြင်း၊ အားပေးကူညီခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သည့် လုပ်ငန်းစဉ် တစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည်–

(က) ဤဥပဒေပါ ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာကို သတ်မှတ်ချက်နှင့်အညီ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ဖြစ်စေ၊ စီမံခန့်ခွဲသည့်အမိန့်ဖြစ်စေ၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့်နှင့် စီမံခန့်ခွဲသည့် အမိန့် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) လူကုန်ကူးမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအပေါ် လူကုန်ကူးခံရသူ၏ နစ်နာဆုံးရှုံးမှုအတွက် လူကုန်ကူးခံရသူကို သင့်လျော်သည့် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ သက်ဆိုင်ရာ တရားရုံးက ပုဒ်မ ၄၅၊ ပုဒ်မခွဲ(ခ)အရ လူကုန်ကူးခံရသူကို သင့်လျော်သည့် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးသည့် အမိန့်ချမှတ်သည်ဖြစ်စေ၊ မချမှတ်သည်ဖြစ်စေ လူကုန်ကူးခံရသူသည် လူကုန်ကူးမှုကျူးလွန်သူအပေါ် လျော်ကြေး သို့မဟုတ် နစ်နာကြေးရရှိရန် တရားမကြောင်းအရ တရားစွဲဆို၍ တောင်းဆိုနိုင်သည်။

**အခန်း (၁၁)**

**ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း**

၄၇။ ဗဟိုအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များနှင့် အထောက်အပံ့ အကူအညီများပေးရေးတို့အတွက် အသုံးပြုရန် ဗဟိုအဖွဲ့ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်–

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) ဗဟိုအဖွဲ့ ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၄၈။ ဗဟိုအဖွဲ့သည် ဗဟိုအဖွဲ့ရန်ပုံငွေထိန်းသိမ်းရေး၊ သုံးစွဲရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သော ဗဟိုအဖွဲ့ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၄၉။ ပုဒ်မ ၄၈ အရ ဖွဲ့စည်းသည့် ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ဗဟိုအဖွဲ့ရန်ပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ၍ ဗဟိုအဖွဲ့က အတည်ပြုထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

၅၀။ ဗဟိုအဖွဲ့သည်–

(က) ဗဟိုအဖွဲ့ ရန်ပုံငွေစာရင်းများကို ဗဟိုအဖွဲ့၏ စာရင်းစစ်က ပုံမှန်စစ်ဆေးစေရမည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရ အသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံရမည်။

၅၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော ငွေကြေးများကို ပံ့ပိုးကူညီနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ရယူ၍ ဒေသဆိုင်ရာရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) ဒေသဆိုင်ရာ ရန်ပုံငွေမှ ရရှိသည့် တရားဝင်တိုးပွားငွေများ။

၅၂။ ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သော ငွေကြေးများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် နေပြည်တော်ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံပြီး ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေကို ထူထောင်နိုင်သည်။ ထို့ပြင် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်း ထောက်ပံ့ငွေများကိုလည်း လက်ခံရယူ၍ ရငွေအဖြစ် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာ ရန်ပုံငွေတွင် ထည့်သွင်းနိုင်သည်။

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သည် ပုဒ်မ ၅၁ အရ ထူထောင်ထားရှိသည့် ဒေသဆိုင်ရာရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် လိုအပ်သည့် ငွေပမာဏကို အကြောင်းအကျိုးဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသို့ တင်ပြတောင်းခံနိုင်သည်။

၅၄။ ဗဟိုအဖွဲ့သည် လိုအပ်ပါက ဗဟိုအဖွဲ့ရန်ပုံငွေမှ ဒေသဆိုင်ရာရန်ပုံငွေတစ်ခုခုသို့ ဖြည့်ဆည်းထောက်ပံ့နိုင်သည်။

၅၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တို့သည် ဒေသဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေး၊ သုံးစွဲရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ဒေသဆိုင်ရာရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၆။ ပုဒ်မ ၅၅ အရ ဖွဲ့စည်းသည့် ဒေသဆိုင်ရာ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့သည် ဒေသဆိုင်ရာ ရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က အတည်ပြုထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

၅၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့သည်–

(က) ဒေသဆိုင်ရာ ရန်ပုံငွေစာရင်းများကို မိမိတို့၏ စာရင်းစစ်က ပုံမှန်စစ်ဆေးစေရမည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုလည်း ခံယူရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ဘဏ္ဍာငွေအရ အသုံးငွေစာရင်းရှင်းတမ်းများပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် နေပြည်တော်ကောင်စီသို့ အစီရင်ခံရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၅၈။ (က) ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီများနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

၅၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ လူကုန်ကူးမှုနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၀။ နိုင်ငံတော်နှင့် အခြားအဖွဲ့ဝင်နိုင်ငံတို့သည် လူကုန်ကူးမှုကျူးလွန်သူ တရားခံအား အပြန်အလှန်လွှဲပြောင်းပေးရေးနှင့် စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၆၁။ လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမှုနှင့် စစ်ဆေးစီရင်မှုများတွင် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ တားဆီးနှိမ်နင်းရေးအရာရှိကဖြစ်စေ၊ အမှုစစ် အရာရှိကဖြစ်စေ၊ ဥပဒေအရာရှိကဖြစ်စေ၊ တရားရုံးအရာရှိတစ်ဦးဦးကဖြစ်စေ ဤဥပဒေပါ အခွင့်အာဏာရှိသူတစ်ဦးဦးထံ ထုတ်ဖော်ခြင်း သို့မဟုတ် အခွင့်အာဏာရှိသူတစ်ဦးဦးက တာဝန်အရထုတ်ဖော်ခြင်း ကိစ္စရပ်များဖြစ်ပါက ပုဒ်မ ၄၁ ပါ ပြစ်မှုဟု မှတ်ယူခြင်းမရှိစေရ။

၆၂။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၆၃။ ဤဥပဒေအရ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၆၄။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးအပေါ် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ အခြားမှုခင်း တစ်စုံတစ်ရာအရဖြစ်စေ တရားစွဲဆိုခွင့် သို့မဟုတ် အရေးယူခွင့်မရှိစေရ။

၆၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၆။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ [ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေ (အမှတ် ၅/၂၀၀၅) ] ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေဩဇာဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၆**

"ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ" သည် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်း ပြည့်မီသည့် ယူရီးယားမြေဩဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့်တိုက်ရိုက် ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေဩဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေဩဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိ သက်ဆိုင်ရာအရောင်းဆိုင်များ၌ "ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီ" မှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေဩဇာများကိုမြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၇ – ၄၁၈၆၁၂ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## ယူရီးယားမြေဩဇာများအတွက် ရည်ညွှန်းဈေးနှုန်းများ

၁၅-၆-၂၀၂၂ 50 Kg ပါ တစ်အိတ်ဈေးနှုန်းဖြစ်ပါသည်။

<table>
<tr><th rowspan="2">ကုန်ပစ္စည်း</th><th rowspan="2">ရန်ကုန်ဂိုဒေါင်ဈေး</th><th colspan="2">ပဲခူး</th><th rowspan="2">မန္တလေး</th><th colspan="2">မကွေး</th><th>မွန်</th><th colspan="2">စစ်ကိုင်း</th><th colspan="2">ရန်ကုန်</th><th colspan="2">ရခိုင်</th></tr>
<tr><th>ပဲခူး</th><th>ပြည်</th><th>မကွေး</th><th>စလင်း/ ပွင့်ဖြူ</th><th>မော်လမြိုင်/ သထုံ</th><th>မုံရွာ</th><th>ရွှေဘို/ ရွှေဘို</th><th>သုံးခွ</th><th>ထန်းတပင်</th><th>စစ်တွေ</th><th>မောင်တော</th></tr>
<tr><td rowspan="5">ယူရီးယား မြေဩဇာ</td><td rowspan="5">၈၆၀၀၀</td><td>၈၇၈၀၀</td><td>၈၈၆၀၀</td><td>၈၈၆၀၀</td><td>၈၉၀၀၀</td><td>၈၉၁၀၀</td><td>၈၈၈၀၀</td><td>၈၉၅၀၀</td><td>၈၉၈၀၀</td><td>၈၈၀၀၀</td><td>၈၆၅၀၀</td><td>၉၂၆၀၀</td><td>၉၉၄၀၀</td></tr>
<tr><th colspan="2">ကရင်</th><th colspan="2">ရှေ့ဝတီ</th><th colspan="2">ရှမ်း (အရှေ့)</th><th colspan="2">ရှမ်း (မြောက်)</th><th colspan="3">ရှမ်း (တောင်)</th><td></td></tr>
<tr><th>ဘားအံ</th><th>လှိုင်းဘွဲ့</th><th>ပုသိမ်</th><th>ဟသ်္သာတ</th><th>ကျိုင်းတုံ</th><th>မိုင်းတုံ</th><th>လားရှိုး</th><th>ကျောက်မဲ</th><th>တောင်ကြီး</th><th>ကလော</th><th>မိုင်းပန်</th><td></td></tr>
<tr><td>၈၈၈၀၀</td><td>၈၉၃၀၀</td><td>၈၈၂၀၀</td><td>၈၈၁၀၀</td><td>၉၆၀၀၀</td><td>၁၀၀၈၀၀</td><td>၉၂၀၀၀</td><td>၉၀၁၀၀</td><td>၈၉၅၀၀</td><td>၈၈၈၀၀</td><td>၉၂၀၀၀</td><td></td></tr>
</table>

မှတ်ချက် ။ (၁) ရန်ကုန်ဂိုဒေါင်ဈေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေဩဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေဩဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

၀၆၇ – ၄၁၀၀၃၅ (သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

၀၆၇ – ၄၁၀၀၄၀ (သမဝါယမဦးစီးဌာန)

၀၆၇ – ၄၁၈၆၁၂ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန် အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက်သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

✪ အာဆီယံမှ

နည်းပြချုပ်ဖြစ်ပြီး လက်ရှိအချိန်တွင် အသင်းနှစ်သင်းစလုံးကို ကိုင်တွယ်နေခြင်းဖြစ်သည်။ ဒေါ်သက်သက်ဝင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးလက်ရွေးစင်ဟောင်းတစ်ဦးဖြစ်၍ ကစားသမားဘဝတွင် အောင်မြင်မှုများရခဲ့ပြီး နည်းပြဘဝတွင်လည်း ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိထားသည်။ ဒေါ်သက်သက်ဝင်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ယခင်က ကာလတို ကိုင်တွယ်ခဲ့ဖူးပြီး ၂၀၁၅ အာဆီယံပြိုင်ပွဲတွင် ဒုတိယနေရာရရှိအောင် စွမ်းဆောင်ပေးခဲ့ရာ ယူ-၁၉ အမျိုးသမီးလက်ရွေးစင်အသင်းကို ကိုင်တွယ်ရာတွင်လည်း ၂၀၁၉ အာရှဖလား ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

၂၀၂၂ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ တီမော၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**ကိုညီလေး**

## ရေတာရှည်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ခင်းအား ထယ်ထိုးမြေမြှုပ်ပွဲ ကျင်းပ

**ရေတာရှည် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စိုက်ခင်းအား ထယ်ထိုးမြေမြှုပ်ထည့်သွင်းပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ဝါးရုံတောကျေးရွာအုပ်စု မျက်နှာပြင်ကျေးရွာရှိ တောင်သူဦးအုန်းမြင့်၏ လယ်ယာမြေ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)အား မြေသားတည်ဆောက်မှု တိုးတက်ကောင်းမွန်စေရန်၊ မြေတွင်းအာဟာရဓာတ်များ ကြွယ်ဝစေရန်၊ ဓာတ်မြေဩဇာများ ရေရှည်အသုံးပြုခြင်းကြောင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးဆုံးရှုံးခြင်း၊ မြေချဉ်ငန်ကိန်းများ ပြောင်းလဲလာခြင်းနှင့် အကျိုးပြုအဏုဇီဝများနည်းခြင်းကြောင့် သီးနှံအထွက်လျော့ကျခြင်းကို အလွယ်ဆုံးနှင့် အသက်သာဆုံးဖြေရှင်းနိုင်ရန် သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော်သာမက ပဲမျိုးရင်းဝင်အပင်များကိုလည်း စိုက်ပျိုးအသုံးပြုနိုင်ပြီး ပန်းပွင့်ချိန်(အစေ့အသီးမတည်မီ) ထယ်ထိုးမြေမြှုပ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရေတာရှည်မြို့နယ်အတွင်း ၂၀၂၂ မိုးစပါးရာသီ၌ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော်စိုက်ဧက ၃၅၇ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ရေတာရှည်(ပြန်/ဆက်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၃)၊ မြေကွက်အမှတ်-၁၀၆၁/က၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၀၆၁/က၊ ဦးပုညလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်ဥမ္မာခိုင် [၈/ဆမန(နိုင်)၀၀၀၇၇၈] အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၀၀/၂၀၁၈)ရရှိထားသူ ရောင်းသူ ဒေါ်ခင်စုမြတ် [၁၂/လသယ(နိုင်)၀၈၈၉၇၄]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၄၅/၁)၊ မြေညီထပ်၊ (၄၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ (၉၃)လမ်း၊ လမ်းမမျက်နှာမူလျက်၊ မြေညီထပ်(ဝဲဘက်)၊ ထပ်ခိုးတစ်ဝက်ပါ ရေမီး၊ မော်တာ အပြည့်အစုံ၊ အမှတ်-၆၈/၇၀ဟုခေါ်တွင်သော (အလျား ၁၂ ၁/၂ x အနံ ၅၀ပေ၊ အမြင့် ၁၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်မျိုးထွန်း[၁၃/တကန(နိုင်)၁၅၀၇၁၂]နှင့် ဦးထိန်လင်း[၁၂/မဂတ(နိုင်)၀၈၈၂၃၈]နှစ်ဦးမှ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချနိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးစိုင်းပြည့်ဖြိုးဝေ(LL.B)** | **ဒေါ်ချိုသဉ္ဇာအေး(LL.B)** | **ဒေါ်ဆုဆုခိုင်(LL.B)** |
| **(စဉ်-၄၂၉၈၀)** | **(စဉ်-၄၅၇၉၆)** | **(စဉ်-၅၀၇၀၅)** |

**အထက်တန်းရှေ့နေများ**
**ရုံး-အမှတ်-၂၂၅(ပထပ်)၊ ၃၅-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၃၉၉၄၊ ၀၉-၂၆၂၁၇၄၇၀၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ချောင်းသာ(၁)လမ်း၊မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၆၀၁/က)၊ အကျယ်အဝန်း ပေ(၂၀x၆၀) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဒေါ်ဖြူဖြူခိုင် [၁၂/ဥကတ(နိုင်)၁၆၃၈၃၀]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်နိုင်စိုး** | **ဦးလှမြင့်(LL.B,D.B.L)** |
| **[၈/ဆဖန(နိုင်)၀၆၄၅၀၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂/၂၀၀၄)** |

**အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ ၂)၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## မိဘအမည်မှန်/ မွေးသက္ကရာဇ်မှန်

နမ့်ခမ်းမြို့၊ "တိုင်း" ကိုယ်ပိုင်အလယ်တန်းကျောင်း [Grade - 7]တွင် ပညာသင်ကြားနေသော မနန်းခမ်းလောဝ်၏ မိဘအမည်မှန်မှာ ဦးစိုင်းအောင်ဝင်း [၁၃/နခန(နိုင်)၀၆၈၅၇၃]-ဒေါ်နန်းခမ်းမွန် [၁၃/နခန(နိုင်)၀၆၈၇၆၀] ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်မှန်မှာ (၅-၁၁-၂၀၀၈) ဖြစ်ပါကြောင်း။

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီသုဉ်း၏**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မေခဝီလမ်း၊ မြေကွက်အမှတ်(၃၉၂/က)၊ မြေအကျယ်(၂၀x၆၀)ပေရှိ မြေပေါ်တွင် တည်ဆောက်ထားသော (၆)ထပ်တိုက်အဆောက်အဦ၏ (မြေညီထပ်)၊ တိုက်အကျယ် (၁၇x၅၄)ပေ၊ အမြင့် (၁၂)ပေရှိ တိုက်ခန်းအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးရွှေမြ [၁၂/ဥကမ(နိုင်)၁၀၉၉၀၆]မှ ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏**

## "မြေနှင့်အဆောက်အဦ ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉-လမ်း၊ အမှတ်(၄၄)ဟုခေါ်တွင်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ F၊ မြေကွက်အမှတ်-V ၁၅၅၊ အကျယ်အဝန်း(၂၆x၅၀)ပေ၊ ဧရိယာ(၁၃၀၀)စတုရန်းပေ၊ (၀.၀၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၂)ထပ် အဆောက်အဦတွင် အပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သူ(၄)ဦးမပါဝင်ဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်[၁၂/မဂတ(ဧည့်)၀၀၀၁၉၅]မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည့်မြေနှင့်အဆောက်အဦဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ (၂)ခန်းတွဲ(၂)ထပ်အဆောက်အဦနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်မှ အိမ်ခန်းလခကောက်ခံခြင်း၊ အခန်းအမည်ပြောင်းခြင်း၊ အဆောက်အဦပြင်ဆင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မြေနှင့် အဆောက်အဦတို့အား တိုးချဲ့ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်** | **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နှင်းသီတာဖြိုး(LL.B)** |
| **[၁၂/မဂတ(ဧည့်)၀၀၀၁၉၅]** | **(စဉ်-၈၇၉၂)** | **(စဉ်-၁၃၇၂၀)** |
| **အမှတ်(၁၁၁)၊ ၉၄-လမ်း၊ ကန်/ရှေ့ရပ်ကွက်** | **တရားလွှတ်တော်ရှေ့နေများ** | |
| **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်-၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊** | |
| **ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၂၃၇၃** | **ကန်/နောက်ရပ်ကွက်၊** | |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | |
| | **ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉** | |

## "မြေနှင့်အဆောက်အဦပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း-၉၀၊ အမှတ်(၄၄)ဟုခေါ်တွင်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ F၊ မြေကွက်အမှတ်-V ၂၀၇၊ အကျယ်အဝန်း(၃၀x၆၀)ပေ၊ ဧရိယာ(၁၈၀၀)စတုရန်းပေ၊ (၀.၀၄၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၂)ထပ် အဆောက်အဦတွင် အပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သူ(၄)ဦးမပါဝင်ဘဲ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်[၁၂/မဂတ(ဧည့်)၀၀၀၁၉၅]မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သည့် မြေနှင့်အဆောက်အဦဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ (၂)ခန်းတွဲ(၂)ထပ်အဆောက်အဦနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်မှ အိမ်ခန်းလခကောက်ခံခြင်း၊ အခန်းအမည်ပြောင်းခြင်း၊ အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မြေနှင့် အဆောက်အဦတို့အား တိုးချဲ့ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းတို့ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးစီမိုရ်(ခ) ဦးအောင်အောင်လွင်** | **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နှင်းသီတာဖြိုး(LL.B)** |
| **[၁၂/မဂတ(ဧည့်)၀၀၀၁၉၅]** | **(စဉ်-၈၇၉၂)** | **(စဉ်-၁၃၇၂၀)** |
| **အမှတ်(၁၁၁)၊၉၄-လမ်း၊ကန်/ရှေ့ရပ်ကွက်** | **တရားလွှတ်တော်ရှေ့နေများ** | |
| **မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။** | **အမှတ်-၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊** | |
| **ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၂၃၇၃** | **ကန်/နောက်ရပ်ကွက်၊** | |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | |
| | **ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉** | |

## "ဒေါ်အေမီကျော် [၁၂/တတန(နိုင်)၁၈၅၃၅၄] နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ ၁/စုပေါင်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၇၇)၊ (၃-လွှာ) (ခြေရင်းခန်း) (ခေတ္တစင်ကာပူနိုင်ငံ)နေ ဦးဖြိုးဟန်ကျော် [၁၂/လသန(နိုင်)၀၁၉၆၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးဟန်ကျော် [၁၂/လသန(နိုင်)၀၁၉၆၉၁]နှင့် ဒေါ်အေမီကျော် [၁၂/တတန(နိုင်)၁၈၅၃၅၄] တို့သည် (၁၉-၈-၂၀၁၅) ရက်နေ့မှစ၍ လက်ထပ်ပေါင်းသင်းလာခဲ့ကြပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ ဦးဖြိုးဟန်ကျော်နှင့် ဒေါ်အေမီကျော်တို့ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ ၁/စုပေါင်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၇၇) (၃-လွှာ)(ခြေရင်းခန်း)၊ (အလျား ၁၅ပေxအနံ ၅၄ပေ) အကျယ်ရှိသည့် တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးဟန်ကျော်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်းများ မပြုလုပ်ရန်နှင့် ထိုကဲ့သို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်ငွေး (LL.B) တရားလွှတ်တော်ရှေ့ (စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ် (၃၀)၊ ဗမ္မာ့သီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၁၈၁၈၂၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်-၃၂ နေ ဦးမြင့်ရှိန် (ခ) ဦးအင်းယား+ဒေါ်ကျင်ကူ (ခ) ဒေါ်အန်းကူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏ သမီးဖြစ်သူ မချိုကိုဝင်း [၁၄/ကကန(နိုင်)၀၈၃၀၇၄]သည် မိဘ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၁၉၆)** | **(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## အမည်မှန်

အထက(၂) မင်္ဂလာဒုံ လှသောင်းကျောင်းမှ VCနေ (ဘ) ဦးစိုးပိုင်၏ သား အမည်မှန်မှာ မောင်ပြည့်စုံပိုင်ဖြစ်ပါသည်။

**မောင်ပြည့်စုံပိုင်**

## မိဘအမည်မှန်

တောင်ဒဂုံမြို့နယ်၊ အမက(၂) Grade(3)တွင် ပညာသင်ကြားနေသော မသဉ္ဇာနွယ်ဝင်း၏ မိဘအမည်မှန်မှာ ဦးဇော်ဝင်း-ဒေါ်မာမာဝင်းတို့ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ မြောက်ရွာရပ်၊ သီရိလမ်းသွယ်၊ အမှတ်(၆၇၅)နေ အထက(၃) ထားဝယ်၊ ဒုတိယတန်းမှ မန္တေရွက်ဝါ၏ ဖခင် ဦးမြင့်အောင်၏အမည်မှန်မှာ ဦးအောင်စန်းဝင်း [၆/ကသန(နိုင်)၀၅၅၃၉၀] ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းချမ်းအောင် [၁၂/သလန(နိုင်)၁၁၀၂၃၁] ၏ sea time check (Testimonial)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09-253399743**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၉၉၇)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးစောသန်းလင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စုလေးညို(ဘ)ဦးကျော်ညွန့် [၁၂/ဒဂန(နိုင်)၀၂၇၆၃၅]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၁၁၆၁၇)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်ဥမ္မာဆွေ(ဘ)ဦးသာဒင်[၉/တကန(နိုင်)၀၀၁၈၈၇] အမည်ပေါက်မြေကွက်အား ဒေါ်ဥမ္မာဆွေထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၇၇/၂၀၁၀)၊ (၂၁-၁၂-၂၀၁၀)ရရှိထားသူ ဒေါ်နန်းသူဇာထွန်း(ဘ)ဦးခင်မောင်မြင့် [၉/အမဇ(နိုင်)၀၃၀၀၀၃]မှ အဆောက်အအုံခွင့်ပြုမိန့်အမှတ်(၃၀၆/၂၀၁၁-၁၂)(မူရင်း)တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်နန်းသူဇာထွန်း (ဘ)ဦးခင်မောင်မြင့် [၉/အမဇ(နိုင်)၀၃၀၀၀၃] အား ထုတ်ပေးသွားမည် ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - (၂၁-၆-၂၀၂၂)

တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် - (၄-၇-၂၀၂၂)၊ (၁၆:၀၀)နာရီ

တင်ဒါလျှောက်လွှာရောင်းချ/လက်ခံမည့်နေရာ - ထားဝယ်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်ဆေးဝါးအချက်အလက်များကို သိရှိလိုပါက ထားဝယ်ပြည်သူ့ဆေးရုံကြီး၊ (ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉)သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံတိုးချဲ့(၁)ရပ်ကွက်၊ အမှတ်(၁၄၄)၊ ပေ(၄၀x၆၀) ပါမစ်မြေပိုင်ဆိုင်သူ ဒေါ်တင်တင်အေး [၁၂/ကတတ(နိုင်)၀၁၂၆၀၆]ထံမှ ကျွန်တော် ဦးလှငွေး [၁၂/ဥကတ(နိုင်)၁၁၅၉၁၇]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော့်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းနှင့် ကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလှငွေး**
**[၁၂/ဥကတ(နိုင်)၁၁၅၉၁၇]**
**ဖုန်း-၀၉-၇၅၆၆၀၀၂၉၂**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက် အမှတ်(၅၆၀)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား ပေ(၄၀x၆၀) (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်ဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအေးမောင် [၁၂/လမန(နိုင်)၀၀၉၅၅၆]က ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးအောင်ဝင်း[၁၂/သဃက(ပြု)၀၀၀၀၅၇]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကိုပေးထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့် ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B , DBL , DIL , MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၅၃၃)၊ ဓာတ်လှေကားပါဝင်သော (၂)ခန်းတွဲ RC(၈)ထပ်ခွဲ မီနီကွန်ဒိုတိုက်ခန်း၏ ပဥ္စမထပ်(၆ လွှာ)(တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ ဧရိယာ(၉၇၂) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးအဒူရော်မော်(ခ)ဦးကျော်မင်း [၁၂/မဂတ(နိုင်)၁၀၄၄၅၇]၊ ဦးကျော်သန်းဦး[၁၂/မဂတ(နိုင်)၀၈၅၁၀၃]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်မေဇွန်ဖူးအောင်[၁၄/ကကန(နိုင်)၁၁၆၇၀၄]က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဇွန်ဖူးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အဦအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှ အသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရ ဦးကျော်မင်းဦး(LC-၇၂၇) သည်ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်အိအိဖြူ [၁၂/ဒပန(နိုင်)၀၄၁၀၈၄]မှ ၎င်းအဆောက်အဦအတွက် ပေးသွင်းခဲ့ရသော အာမခံကြေးအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အဦလိပ်စာ | မြေရှင်အမည် | အဆောက်အဦ ဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | (၈၅)၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ | ဦးစိုးဝင်း+၁ | ဦးကျော်မင်းဦး | LC-၇၂၇ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနရှိ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လိုသူများနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ရသည့် အခြေအနေများ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ဝ၆ ရာခိုင်နှုန်းရှိ**

စာမျက်နှာ ၁၂

**မြို့နယ်အချို့ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ ၁၃

**ဒီပဲယင်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်လုပ်စိန်ပြောင်းကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဆေးရုံဝင်းအတွင်းရှိ ဓာတ်မှန်ဆောင် အမိုးနှင့် မျက်နှာကြက်တို့ ထိခိုက်ပျက်စီး**

စာမျက်နှာ ၁၄

## အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်နေ

ရန်ကုန် ဇွန် ၁၆

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**လေ့ကျင့်ပြင်ဆင်နေ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၆ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းကစားသမားများအနက် အသင်းခေါင်းဆောင် ခင်မာလာထွန်းသည် ထိုင်းကလပ်အသင်းတွင် သွားရောက်ကစားနေသဖြင့် အသင်းနှင့်ပူးပေါင်းနိုင်ခြင်းမရှိသေးဘဲ ကျန်ရှိသည့်ကစားသမားများဖြင့်သာ လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။ အာဆီယံ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ယာယီနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဒေါ်သက်သက်ဝင်းကို ယာယီနည်းပြချုပ်အဖြစ် အာဆီယံပြိုင်ပွဲအတွက် တာဝန်ပေးထားခြင်းဖြစ်သည်။ ဒေါ်သက်သက်ဝင်းသည် မြန်မာယူ-၁၈ အမျိုးသမီးအသင်း၏

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂